# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း ၁၁ ရက် ၊ ၃၀-၁၁-၂၀၂၅၊ တနင်္ဂနွေနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် သီလဝါဆိပ်ကမ်း၌ သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘောဆိုက်ကပ်ထား

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေသော ကျောက်တန်းမြို့နယ်ရှိ သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော(Floating Storage Unit-FSU)၊ သဘာဝဓာတ်ငွေ့ရည်ကို ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ(Regasification Unit)နှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ သာကေတမြို့နယ်ရှိ သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားစမ်းသပ်မောင်းနှင်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ✪




## ယနေ့ ဖတ်စရာအညွှန်း

**ချစ်ခြင်းတရားနောက်ကြိုးမှသည် ခိုင်မာအားကောင်းမှုအရပ်ရပ်ဆီ**

(ဆောင်းပါး) စာမျက်နှာ ၅

**အက်စတွန်ဗီလာအသင်း ၂၀၂၅ ခုနှစ်အတွင်း ဥရောပအိမ်ကွင်းပြိုင်ပွဲ ခြောက်ပွဲထိ အနိုင်ရယူသည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်**

စာမျက်နှာ ၁၁

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

**(၂၈)နှစ်မြောက် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့အား ဂုဏ်ပြုပါ၏။**

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၃၀ ရက် ၊ တနင်္ဂနွေနေ့ ။

## ၂၈ နှစ်မြောက်သက်တမ်းရှိ မန္တလေးနေ့စဉ်သတင်းစာ နောင်နှစ်ပေါင်းများစွာ တိုင်အောင်တည်ရှိနေမည်

လူသားတိုင်းတွင် ကိုယ်နှင့်စိတ်ဟု နှစ်မျိုးရှိရာ ကိုယ်ခန္ဓာအတွက် အာဟာရဖြည့်တင်းရသကဲ့သို့ စိတ်အတွက်လည်း အာဟာရဖြည့်တင်းရပါသည်။ စိတ်အတွက် နံနက်ခင်း အာဟာရက သတင်းစာပဲဖြစ်ပါသည်။ နံနက်ခင်းမိုးသောက်သည်နှင့် ထူးခြားသည့်သတင်းများကို သိလိုကြသည်။ မိမိနိုင်ငံ၏ စီးပွားရေး ပညာရေး နိုင်ငံ့ရဲ့ တည်ဆောက်ရေးအရပ်ရပ်ကို သတင်းစာများက သိခွင့်ရရှိခဲ့သည်။ ယနေ့ထုတ် သတင်းစာသည် နောင်တစ်ချိန်တွင် သမိုင်းအဖြစ် ထင်ကျန်ရစ်မည်ဖြစ်သောကြောင့် ပြည်သူများ သတင်းစာကို အလေးထားကာ ဖတ်ရှုခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်မှ စတင်ထုတ်ဝေဖြန့်ချိခဲ့သော မန္တလေးနေ့စဉ်သတင်းစာသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ၂၈ နှစ် သက်တမ်းကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မန္တလေးနေ့စဉ်သတင်းစာကို မန္တလေးတိုင်းဒေသကြီးအစိုးရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန သတင်းစာဌာနခွဲက ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။

သတင်းစာသည် ပြည်သူလူထုအား သတင်းများဖြန့်ချိပေးရာ အသိပညာပေးရာ စည်းရုံးရေးလက်နက်ကောင်းဖြစ်ပြီး နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်သတင်းများကို ပြည်သူများထံ အိမ်အရောက်ပေးပို့နေသော လူထုဆက်သွယ်ရေး ကိရိယာလည်းဖြစ်သည်။

မန္တလေးနေ့စဉ်သတင်းစာတွင် နိုင်ငံတော်အဆင့်သတင်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ သတင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများ၏ သတင်းများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဖွံ့ဖြိုးတိုးတက်မှု သတင်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပြည်သူများထံသို့ သိသင့်သိထိုက်သည့် သတင်းများ၊ တိုင်းဒေသကြီးနှင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့တော်စည်ပင်၏ ဆောင်ရွက်မှုသတင်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ အများပြည်သူအတွက် အသိပေးကြေညာချက်များပါဝင် ထုတ်ဝေလျက်ရှိသည်။

ထို့အပြင် သတင်းစာ၏ ခေါင်းကြီးပိုင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းတို့နှင့်အတူ နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာ ရုပ်ရှင်ဂီတသတင်းများ၊ နိုင်ငံတကာအားကစားသတင်းများ၊ အမြို့မြို့အနယ်နယ်မှ သတင်းများနှင့် မှုခင်းသတင်းများ၊ စီးပွားရေးကြော်ငြာ၊ ကြော်ငြာစာများ၊ ဂရန်မြေကြော်ငြာစာ၊ အများသိရှိစေရန်ကြေညာခြင်းများ၊ လူမှုရေးကြော်ငြာ၊ နာရေးကြော်ငြာများလည်း ပါဝင်သည်။ သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးနေသည့် အလှအပနှင့် ကျန်းမာရေးကဏ္ဍ၊ စီးပွားကုန်စည်သတင်းများ၊ နိုင်ငံတကာ ထူးဆန်းထွေလာသတင်းများ၊ ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်အစရှိသည်တို့ ပါဝင်သည်။ မန္တလေးနေ့စဉ်သတင်းစာကို အရည်အသွေးမြှင့်တင်ပြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၇၁ လမ်းအတွင်း သတင်းစာတိုက်တွင် ပတ်လည်ပုံနှိပ်စက်ကြီးဖြင့် စာမျက်နှာ ၂၄ မျက်နှာအား ကာလာစုံပုံနှိပ်ဖြင့် ဖြန့်ချိနိုင်ခဲ့ပါသည်။ ပြည်သူများ လက်ဝယ်အရောက် ဖတ်စရာ၊ မှတ်စရာကဏ္ဍ စုံလင်စွာဖြင့် ထုတ်ဝေလျက်ရှိပါသည်။

သို့ဖြစ်ရာ မန္တလေးနေ့စဉ်သတင်းစာသည် နိုင်ငံတော်၊ တိုင်းဒေသကြီး၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၈ နှစ်မြောက်မှသည် ပုလဲရတု၊ ရွှေရတု၊ စိန်ရတုနှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ ဝန်ထမ်းများက ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၃၉) အခြေခံပညာအထက်တန်းကျောင်း၌ ဗလငါးတန်နှင့် ပြည့်စုံစေသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၃၉) အခြေခံပညာအထက်တန်းကျောင်း၌ ဗလငါးတန်နှင့် ပြည့်စုံစေသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် ယမန်နေ့ နံနက် ၁၀နာရီက လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်ရွယ်လူရွယ်များ ဖြစ်လာစေရန်၊ လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ရာ လူငယ်စကားဝိုင်းတွင် အမှတ် (၃၉) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသူ မသုသဒ္ဒါဆေက လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသား မောင်စောမင်းထက်က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မအေးငြိမ်းသူက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။ ယင်းလူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်နှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲမှ ကျောင်းသား၊ ကျောင်းသူများက ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်နှင့် လုပသာယာပြည်မြန်မာ အသိပညာပေး နံရံကပ်စာစောင်များကိုလည်း တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စင်မင်းမောင်**

**(ခရိုင်၊ ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ဒီဇင်ဘာ အားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမှ ဦးဆောင်၍ ယနေ့ နံနက် ၆ နာရီက ဆင်ပေါင်ဝဲမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးရှေ့၌ စုရပ်ပြုလုပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO/INGO အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ပျော်ရွှင်စွာပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများက စုရပ်ဖြစ်သည့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးရှေ့မှ မြို့မဈေးနှင့် ဦးကြင်ဥလမ်းမကြီးအတိုင်း ဆင်ပေါင်ဝဲမြို့အားကစားကွင်းဝန်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အကြောလျှော့လေ့ကျင့်ခန်းများနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို တစ်ပျော်တစ်ပါး စုပေါင်းပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲအား နိုဝင်ဘာလ ၂၉ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁ လမ်း၊ ၇၅လမ်းနှင့် ၇၆ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ မန္တလေးတောင်မြောက်ဘက်၊ ၆၂ လမ်းနှင့် ၂ လမ်းထောင့်နှင့် ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၉ လမ်း၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်းကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၈၆ လမ်း၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅ လမ်း၊ ၅၉ လမ်းနှင့် လမ်း ၆၀ ကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

(ဝဲပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



✪ ရွှေဖုံးမှ

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ သီလဝါဆိပ်ကမ်းရှိ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်ရုံများမှ သတ်မှတ်ဓာတ်အားပမာဏ ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည့် အတွက် လေလွင့်မှု နည်းပါးစေရန် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်ရေးနှင့် စက်စွမ်းရည် ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားကာ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် သီလဝါဆိပ်ကမ်း၌ FSU ဆိုက်ကပ်ထားရှိမှု၊ သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်ကို ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ပြန်လည်ပြုလုပ်သော စက်ရုံ (Regasification Unit)သို့ ပေးပို့နေမှု၊ LNG ကို သဘာဝဓာတ်ငွေ့ ပြန်လည်ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာကေတ ၁၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၌ ဓာတ်အား ထိန်းချုပ်ခန်းနှင့် ဓာတ်အားပေး စက်ရုံဝင်းအတွင်း ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယမန်နေ့ညနေပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒဂုံးကုန်းလမ်းဆုံ မီးရထားသံလမ်းထိပ်မှ လှော်ကားတာဆုံအထိ လမ်းနယ်နှင့် မလွတ်ကင်းသော ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းတိုင်များ အသစ်စိုက်ထူခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းဟောင်း ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းတည်ဆောက်ခြင်း လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# (၉၃)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသော (၉၃)ကြိမ်မြောက် အင်တာပိုလ် အထွေထွေညီလာခံ (93rd INTERPOL General Assembly)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။



နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်း ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် မော်ရိုကိုနိုင်ငံ အမျိုးသားလုံခြုံရေးနှင့် နယ်မြေစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Abdellatif Hammou chi နှင့် အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi တို့က အဖွင့်အမှာစကား ပြောကြားပြီး အင်တာပိုလ်အဖွဲ့ဝင် နိုင်ငံများ၊ လေ့လာသူအဖွဲ့အစည်း စုစုပေါင်း ၁၈၁ နိုင်ငံ/အဖွဲ့တို့မှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ National Central Bureau (NCB) အကြီးအကဲများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။

ညီလာခံကို အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi နှင့် အင်တာပိုလ် အထွေထွေအတွင်းရေးမှူးချုပ် Mr. Valdecy Urquiza တို့က ဦးဆောင်၍ကျင်းပခဲ့ပြီး အင်တာပိုလ်၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ အထွေထွေသဘောတူညီချက်(General Agreement on the Privileges and Immunities of the ICPO-INTERPOL) ကို အတည်ပြုခဲ့ကြကာ အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်၊ အတည်ပြုဝင်ရောက်ရန်နှင့် ပူးပေါင်းပါဝင်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တောင်းဆိုခြင်း၊ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စနစ်များ အသုံးပြုကျူးလွန်သော ရာဇဝတ်မှုများ တိုက်ဖျက်ရေးနှင့် အီလက်ထရောနစ် သက်သေ အထောက်အထားများ မျှဝေရေးတို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်သည့် ကုလသမဂ္ဂဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း(United Nations Convention against Cybercrime) ကို ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အဆိုပါကွန်ဗင်းရှင်းအား သက်ဆိုင်ရာနိုင်ငံဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်မှတ်ရေးထိုးရန်၊ အတည်ပြုရန် အားပေးတိုက်တွန်းခြင်းနှင့် ကုလသမဂ္ဂ၌ အင်တာပိုလ်၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်အတွက် National Central Bureau များနှင့် ၎င်းတို့၏အဖွဲ့ဝင်နိုင်ငံများ၏ကိုယ်စားလှယ်များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် တရားဥပဒေစိုးမိုးရေးအတွက် ယုံကြည်စိတ်ချရသော ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်ဗဟိုချက် ဖြစ်လာစေရန်၊ ကမ္ဘာ့အဆင့်မီ စုံစမ်းစစ်ဆေးရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်၊ ကမ္ဘာ့တစ်ဝန်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင်ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နိုင်ရန်၊ အင်တာပိုလ်၏ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်စံနှုန်းများ အမြင့်ဆုံးတွင်ရှိနေစေရန် စသည့် ရည်မှန်းချက်(၄)ရပ် ပြဋ္ဌာန်းထားသော အင်တာပိုလ်၏ မဟာဗျူဟာမူဘောင် (၂၀၂၆-၂၀၃၀) (Strategic Framework 2026-2030) ကို အတည်ပြုခြင်း၊ ဒေသဆိုင်ရာ ညီလာခံများတွင် အင်တာပိုလ် ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်နိုင်ရန်နှင့် ဒေသဆိုင်ရာညီလာခံများ၌ အင်တာပိုလ်၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံး ဆွေးနွေးနိုင်ရေး ဖိုရမ်တစ်ခုပံ့ပိုးပေးရန် ဆုံးဖြတ်ခြင်း၊ ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ကော်မတီ (Committee on the Processing of Data)သည် အင်တာပိုလ် သတင်းအချက်အလက် စနစ်မှတစ်ဆင့် ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ဥပဒေမူဘောင်နှင့် ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ကြီးကြပ်မှုယန္တရားများအပေါ် ပြန်လည်သုံးသပ်ပြီး အကြံပြုချက်များပေးရန် ဆုံးဖြတ်ခြင်း၊ ၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်ဘဏ္ဍာရေး အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ အတည်ပြုခြင်း၊ ၂၀၂၆-၂၀၂၈ ခုနှစ်ကာလအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေထည့်ဝင်ရမည့် နှစ်စဉ်ငွေကြေးနှုန်းထားစနစ်အသစ် (new statutory contributions scale for the period 2026-2028)ကို အတည်ပြုခြင်း၊ အင်တာပိုလ်၏ ၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဘတ်ဂျက်မူကြမ်းနှင့် ၂၀၂၇-၂၀၂၈ ခုနှစ်အတွက် ဘဏ္ဍာရေး ကြိုတင်ခန့်မှန်းချက်များ အတည်ပြုခြင်းတို့ကို ဆောင်ရွက်၍ ညီလာခံဆုံးဖြတ်ချက်များအဖြစ် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဒီဇင်ဘာလကုန်တွင် သက်တမ်း ပြည့်မြောက်မည့် အင်တာပိုလ် အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ရာထူးနေရာအတွက် ဝင်ရောက်လျှောက်ထားသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၈ ရက်

သာ လိုတော့သည်။

## ဘယ်လာရုစ်သမ္မတနိုင်ငံမှဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးအတွင်းကြည့်ရှုလေ့လာ၊ ညပိုင်းတွင် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ၌ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ စက်မှုဝန်ကြီး H. E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်းဆောင်၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးရာ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် အောင်မြေနေရာ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတွင် ခေါင်းလောင်းထိုး၍ မေတ္တာပို့ဆုတောင်းကြသည်။



ဆက်လက်၍ ဗိုလ်ချုပ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်း၊ ပန်းပုနှင့် လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ငွေချည်ထိုး လက်ရာပစ္စည်းများ၊ ပန်းချီ၊ ပန်းပုပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကာ ဝယ်ယူအားပေးကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့်ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အားလေဆိပ်ဧည့်ခန်းမ၌ မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ် ရန်ကုန်မြို့အတွင်းဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး နိုဝင်ဘာ ၂၉**

ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်း က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ခရိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နေသော ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ကာကွယ်ဆေးအကြောင်းအရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသော ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံထားပါက အသက် ၁၃ နှစ်မှ ၁၉ နှစ်အတွင်း ရှိသည့် မိန်းကလေးများတွင် ကင်ဆာဖြစ်စေသည့် သားအိမ်ခေါင်းကင်ဆာဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်း ၈၃ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် မိန်းကလေးများတွင် အဖြစ်များသည့် ကနဦးကင်ဆာဖြစ်ပွားမှုနှုန်းကို ၃၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀

| ဗဝိနိလာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| မာယောကာ | ၂ - ၂ | | အိုဆာဆူနာ |
| ဘာစီလိုနာ | ၃ - ၁ | | အလာဗက်စ် |

## သစ်တပ်ကလေးကျေးရွာ၌ မြေသားလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သက်နှင်းအင်းကျေးရွာအုပ်စု၊ သစ်တပ်ကလေးကျေးရွာ၌ ဖြန့်းမြေသားလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဖြန့်းမြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

သစ်တပ်ကလေးကျေးရွာ၌ လမ်းအရှည် ၂၉၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြန့်းမြေသားလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၁ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၇၁ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် အောက်တိုဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဂျီနိုအာ | ၂ - ၁ | ဗီရိုနာ |
| ပါးမား | ၀ - ၂ | အူဒီးနီစ် |
| ဂျူဗင်တပ် | ၂ - ၁ | ကက်ဂလီယာရီ |

# ချစ်ခြင်းတရားနှောင်ကြိုးမှသည် ခိုင်မာအားကောင်းမှုအရပ်ရပ်ဆီ

ယနေ့ Multipolar, Multilateral ကမ္ဘာကြီးမှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ မိတ်ဆွေဖြစ်ရန် ကြိုးစားလာကြသည်။ ယခုလိုကာလမျိုး ပဋိပက္ခ၊ သဘာဝဘေး၊ ရောဂါမျိုးစုံ၊ ဘေးဒုက္ခအစုံနှင့်ပြည့်နေသည့်ကမ္ဘာကြီးတွင် ရန်ဘက်အသွင်ပြောင်းနိုင်ငံများအကြား နိုင်ငံတကာ မိတ်ဖက်အသိုက်အဝန်းတစ်ခု ဖန်တီးဖို့ဆိုသည်မှာ ခက်ခက်ခဲခဲကြိုးပမ်းမှ ရလာနိုင်သည့်အခြေအနေမျိုးဖြစ်သည်။ အကျိုးစီးပွားပဓာနနိုင်ငံများ၊ အတ္တကြီးမား ခေါင်းဆောင်များကြောင့် စိန်ခေါ်မှုများရှိမြဲရှိနေငြား မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများက အရှိန်တစ်ခုတွင် ခပ်သွက်သွက်ဖြစ်လာသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် မိသားစုပမာ၊ ညီအစ်ကိုရင်းပမာ ညီညွတ်သောမဟာမိတ်အသွင် ပို၍ထင်ရှားလာနေသည်။

**မိုးကေနိုင်**


### အပြုသဘောမှန်သမျှ အပေါင်းလက္ခဏာ ဆောင်ပါသည်

ယခုလိုအခြေအနေမျိုးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အရှေ့ဥရောပကုန်းတွင်းပိတ် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု၊ အစိုးရနှင့် ပြည်သူအချင်းချင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုဆိုသည်က နှစ်နိုင်ငံအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အကျိုးစီးပွားမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးအထိ သက်ရောက်မှုရှိသည်ဆိုလျှင် ငြင်းပယ်ရန်အကြောင်းမရှိပါ။ အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှက အပေါင်းလက္ခဏာဆောင်ခဲ့သည်ချည်းဖြစ်သည်။ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ၂၇-၁၁-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ဘယ်လာရုစ်နိုင်ငံ သမ္မတကြီး အလက်ဇန္ဒား လူကာရှန်ကို၏ ခရီးစဉ်ကိုပင်ကြည့်ပါ။ ပြည်သူနှစ်ရပ်လုံးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဘယ်လိုဖြစ်ထွန်းနိုင်ပါသလဲ သက်သေပြရောက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ကူညီရာရောက်သည်ဟု သုံးသပ်နိုင်ပါသည်။ ယခုဘယ်လာရုစ်သမ္မတကြီး၏ခရီးစဉ်ကြောင့် နှစ်နိုင်ငံခေါင်းဆောင်များ၊ ပြည်သူများအကြား ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုအနှစ်က တိုး၍ပင်ခိုင်မြဲသွားသည်ကို တွေ့လိုက်ရသည်။

### ရိုးသားမှု၊ မျှတမှုနှင့် မေတ္တာတရားအပေါ် အခြေခံသည့် အပြန်အလှန် အသိအမှတ်ပြုမှု

အသက်အရွယ်အားဖြင့် ၇၁ နှစ်ရှိပြီဖြစ်သော ဘယ်လာရုစ်သမ္မတကြီးသည် သမိုင်းဘာသာရပ်နှင့်ဘွဲ့ရရှိခဲ့ပြီး စိုက်ပျိုးရေး၊ စီးပွားရေး၊ စစ်ဘက်၊ နိုင်ငံရေးဘက်၊ စီမံခန့်ခွဲရေးနယ်ပယ်မျိုးစုံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်းဖြစ်သည်။ ၁၉၉၄ ခုနှစ်မှ ယခုအချိန်အထိ ခုနစ်ဆက်မြောက် သမ္မတတာဝန်ထမ်းဆောင်နေသည့် ဘယ်လာရုစ်ပြည်သူတို့၏ ခေါင်းဆောင်ကြီးတွင် မှတ်သားလောက်သည့် ဆိုရိုးစကားများစွာရှိသည်ကို လေ့လာဖူးပါသည်။ နိုင်ငံရေးနယ်ပယ်တွင် မျှတမှုနှင့် ရိုးသားမှုမရှိလျှင် ဘယ်တော့မျှအောင်မြင်မှုရမည်မဟုတ် ဟူသော အခြေခံသဘောတရားမှာ မှတ်သားလောက်သည်။ သူ့နိုင်ငံနှင့် နိုင်ငံသားများအတွက် အဂတိတရားကင်းစွာဖြင့် သူ့နောက်ဆုံးထွက်သက်အထိ အလုပ်အကျွေးပြုမည့်သူ၏သန္နိဋ္ဌာန်မှာ ရိုးသားမှုဂုဏ်နှင့် မျှတမှုအပေါ်တွင် မည်မျှအခြေခံနေကြောင်း ပေါ်လွင်နေသည်။

ထို့ကြောင့်လည်း ယခုနှစ် မတ်လ ၇ ရက်နေ့တွင် မြန်မာနိုင်ငံတော်အကြီးအကဲက နိုင်ငံ၏ဂုဏ်ထူးဆောင်ဘွဲ့တစ်မျိုးဖြစ်သည့် "အဂ္ဂမဟာသရေစည်သူဘွဲ့" ကို သမ္မတလူကာရှန်ကိုအား ဂုဏ်ပြုအပ်နှင်းခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။ အပြန်အလှန် အသိအမှတ်ပြုမှုများက အမှန်တကယ် ထိရောက်မှုရှိခဲ့ပါသည်။ မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေလျှင်ဘေးကြီးတွင် ဘယ်လာရုစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှု အကူအညီများ လျှင်လျှင်မြန်မြန် ထိထိရောက်ရောက်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက များစွာကျေးဇူးတင်ခဲ့ရသည်။ ထို့ပြင် ပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ဘယ်လာရုစ်နိုင်ငံက လှိုက်လှိုက်လှဲလှဲ ထောက်ခံခဲ့ပြီး ရွေးကောက်ပွဲ အကဲခတ်အဖွဲ့များကိုပင် စေလွှတ်မည့်အစီအစဉ်များ တွေ့ရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကို တို့ နိုဝင်ဘာ ၂၈ ရက်က နိုင်ငံတော်သမ္မတအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကမ္ဘာကြီးက ယခုအချိန်အခါ ငြိမ်းချမ်းသောအနေအထားတွင် ရှိမနေပါ။ တိုးတက်မှုက အားနည်းနေသည်။ ဒီကြားထဲ အမုန်းကနေ အမုန်းမျိုးစေ့များ ချနေသမျှ ဘယ်လိုမျှခရီးမရောက်နိုင်ဆိုသည်ကို နှစ်နိုင်ငံခေါင်းဆောင်များ သိထားကြသည်။ နှစ်နိုင်ငံပြည်သူအားလုံး နားလည်ထားသည်က မေတ္တာသည်သာ အခရာပါ။ တစ်ဦးမေတ္တာ တစ်ဦးမျှ၍ အနေဝေးသော်လည်း နှလုံးသားချင်းနီးစပ်အောင် လုပ်နိုင်ရမည်ဟု ခံယူထားကြသည်။ ခံယူထားသည့်အတိုင်းလည်း ခရီးရောက်နေကြပါပြီ။ ယုံကြည်မှုများ တိုးလာခြင်း၊ နားလည်မှုများရှိလာခဲ့ခြင်းကပင် ခရီးရောက်မှုတစ်ခုဖြစ်သည်။

### လမ်းပြမြေပုံအတိုင်း သွားကြရန်ဖြစ်သည်

၁၉၉၉ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်တွင် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်နှင့် ၂၀၁၅ ခုနှစ်တွင် ထိုစဉ်က မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်ရှိခဲ့ကြဖူးပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများလည်း အပြန်အလှန်ခရီးစဉ်များရှိခဲ့ကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ်အတွင်း ဇွန်လနှင့် အောက်တိုဘာလတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံခရီးစဉ် နှစ်ကြိမ်တိုင်ရှိခဲ့သည်။ ပထမတစ်ကြိမ်ခရီးစဉ်သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်( EEF-2025 ) သို့ တက်ရောက်ခဲ့ခြင်းဖြစ်၍ ထိုခရီးစဉ်မှ EAEU အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။

ထိုခရီးစဉ်များမှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာခဲ့ပြီး နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့ကာ ယခုတစ်ကြိမ် မြန်မာနိုင်ငံတွင် ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံခွင့်ရခြင်းကပင် ပူးပေါင်းဆောင်ရွက်မှုအားလုံးကို ဆက်လက်တိုးချဲ့ဖန်တီးခွင့်ကို ရရှိသွားစေသည်။ အရှိန်အဟုန်တစ်ခု ဖြစ်သွားအောင်လည်း ခေါင်းဆောင်နှစ်ဦးနှင့် သက်ဆိုင်ရာ Stakeholders အားလုံး၏ စိတ်ဝင်တစားကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများက အဓိကတွန်းအားများဖြစ်ခဲ့ရသည်။ အားလုံးက နှစ်နိုင်ငံအကျိုးစီးပွား၊ နှစ်နိုင်ငံပြည်သူများအတွက်သာဖြစ်၍ ယခုခရီးစဉ်အတွင်း ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ လမ်းပြမြေပုံအတိုင်းသွားကြရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးလည်းဖြစ်ပါသည်။

### နယ်ပယ်စုံသဘောတူညီမှု ၁၆ ခု

မြန်မာနှင့် ဘယ်လာရုစ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ နယ်ပယ်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည်။ ထို့ကြောင့်လည်း သမ္မတကြီးခရီးစဉ်မစမီကတည်းက ဘယ်လာရုစ်စီးပွားရေးပညာရှင်များ၊ ဝန်ကြီးအဆင့် အစိုးရအဖွဲ့ဝင်များက ကြိုတင်ရောက်ရှိနှင့်ပြီး ရန်ကုန်မြို့ LOTTE ဟိုတယ်တွင် မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်တစ်ခုကို ကျင်းပနိုင်ခဲ့သည်။ ဘယ်လာရုစ်ဘက်မှ BelCCI နှင့် မြန်မာနိုင်ငံဘက်မှ UMFCCI အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ် ကြိုတင်ဆွေးနွေးခဲ့ကြပြီး ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူညီချက်အပါအဝင် စုစုပေါင်း စာချုပ် ၁၆ ခုကို ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ စာချုပ်များတွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်မှု၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ၊ ခရီးသွားနှင့်ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ ဘဏ်နှင့်ငွေကြေးကဏ္ဍများ နယ်ပယ်အစုံပါဝင်သည်ကို တွေ့ရသည်။

စာမျက်နှာ ၆ သို့ ■

> ကမ္ဘာကြီးက ယခုအချိန်အခါ ငြိမ်းချမ်းသောအနေအထားတွင် ရှိမနေပါ။ တိုးတက်မှုက အားနည်းနေသည်။ ဒီကြားထဲ အမုန်းကနေ အမုန်းမျိုးစေ့များချနေသမျှ ဘယ်လိုမျှခရီးမရောက်နိုင်ဆိုသည်ကို နှစ်နိုင်ငံခေါင်းဆောင်များ သိထားကြသည်။ နှစ်နိုင်ငံပြည်သူအားလုံး နားလည်ထားသည်က မေတ္တာသည်သာ အခရာပါ။ တစ်ဦးမေတ္တာ တစ်ဦးမျှ၍ အနေဝေးသော်လည်း နှလုံးသားချင်းနီးစပ်အောင် လုပ်နိုင်ရမည်ဟု ခံယူထားကြသည်။ ခံယူထားသည့်အတိုင်းလည်း ခရီးရောက်နေကြပါပြီ။ ယုံကြည်မှုများတိုးလာခြင်း၊ နားလည်မှုများရှိလာခဲ့ခြင်းကပင် ခရီးရောက်မှုတစ်ခုပင်ဖြစ်

> **နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်း အလျှင်း မရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွားမိတ်ဖက်များ အဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ် အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ ရေရှည်လက်တွဲမည့် မဟာမိတ်များ ပီပီ နိုင်ငံတကာမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံ အားပေးမှုသည် ပို၍ခိုင်မာလာတော့မည်ဟုယုံကြည်**

■ စာမျက်နှာ ၅ မှ

ရင်းနှီးမြှုပ်နှံမှုနှင့်ဖက်စပ်လုပ်ငန်းများ ဖြစ်ထွန်းလာမည့်သဘောရှိသည်။ မြန်မာနိုင်ငံမှ ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံနှင့် ကော်ဖီကို တင်ပို့နိုင်မည့်အခွင့်အလမ်းများ တွေ့မြင်နေရပါပြီ။ စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ ရှိလာပါမည်။ MSME ထုတ်ကုန်များအတွက် ဈေးကွက်အလားအလာများ မြင်တွေ့နေရသည်။ ကျန်းမာရေးကဏ္ဍ၌ ကင်ဆာရောဂါရှင်များအတွက် အားရဖွယ်အလားအလာများ ရှိလာပါပြီ။ နောင်တွင်လည်း ဝန်ကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ နောက်ဆက်တွဲ အပြန်အလှန်ခရီးစဉ်များလည်း ရှိလာပါလိမ့်မည်။

### နားလည်မှုစာချွန်လွှာများ

နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ တွေ့ဆုံဆွေးနွေးမှုများတွင် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုကိုအခြေခံသည့် ပြောကြားချက်များ ပါဝင်သည်ကို သတိထားမိသည်။ စေတနာပါသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အသိအမှတ်ပြုမှုများကို တွေ့ရသည်။ ရင်းနှီးပွင့်လင်းစွာ အမြင်များ ဖလှယ်နိုင်ခဲ့ကြသည်မှာ အားရစရာဖြစ်သည်။ အထူးသဖြင့် နယ်စပ်ဒေသ အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးတိုင် တိုက်ဖျက်နေမှုများနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ အနာဂတ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအခြေအနေများအပေါ် အမြင်များဖလှယ်နိုင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံ့အကြီးအကဲများ ရှေ့မှောက်တွင်ပင် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးလဲလှယ်ကြသည့်အခါ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ၊ ပို့ကုန်ချေးငွေ မူဘောင်သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများပါဝင်ကြောင်း သိရှိရသည်။

### ထူးခြားလေးနက်မှုများစွာဖြင့်

ယခုခရီးစဉ်မှ ကောင်းသောလက္ခဏာများစွာကို မြင်တွေ့ခဲ့ရပါပြီ။ ခရီးစဉ်က အဓိပ္ပာယ်များစွာရှိခဲ့သည်။ ကော်ဖေါနီခင်း၊ တိုင်းရင်းသားရိုးရာအလှအကများနှင့် နှစ်နိုင်ငံအလံများအောက်တွင် ခမ်းနားသောကြိုဆိုဧည့်ခံမှုများနှင့် အထူးအဆင့်အတန်းထားရှိမှုများကို လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ အလွန် ပထမဦးဆုံးလာရောက်လည်ပတ်သော ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာ့လေပိုင်နက်ထဲရောက်သည်နှင့် မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမြောက်မျိုးဆက်လွန် SU-30 SME ဘက်စုံသုံးဂျက်တိုက်လေယာဉ်သုံးစင်း လိုက်ပါခြံရံ၍ကြိုဆို ဂုဏ်ပြုမှုနှင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းများက အလွန်ထူးခြားခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် အရေးပါမှုတစ်ခု၊ စစ်ရေးစွမ်းရည်ပြသရာ စစ်ယဉ်ကျေးမှုတစ်ခု၊ လုံခြုံရေးအပေါ် အလေးထားမှုနှင့်အတူ ယုံကြည်မှုဖြင့် ချစ်ကြည်ရေးကို တည်ဆောက်ပြီး အမြင့်ဆုံးသော ဂုဏ်ပြုမှုတစ်ခု ဖြစ်ခဲ့ပါသည်။ ဂုဏ်ပြုမြင်းတပ်ဖွဲ့ဖြင့် ချီးမြှောက်ဂုဏ်ပြုခြင်းကလည်း ဧည့်သည်တော်ကြီး၏အရေးပါမှုနှင့် အလေးအနက်ထားမှုကို ဖွင့်ဟရာ ရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ သမိုင်းနှင့်ချီသည့် ခွန်အားပါသော ယဉ်ကျေးမှု၊ သစ္စာရှိမှုနှင့် ကျေးဇူးတရားသိမှု ထုံးတမ်းအစဉ်အလာတစ်ခုကို ထိန်းသိမ်းဖော်ပြရာလည်းရောက်ပါသည်။ လေးစားမှုကိုပြသည်၊ ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုကိုပြသခြင်းဖြင့် ထူးခြားလေးနက်မှုများစွာရှိခဲ့ပါသည်။

### ဤနေ့ ဤရက် သမိုင်းဝင်လေးနက်ခဲ့ပါသည်

ခရီးစဉ်တစ်ခုလုံးတွင် ထူးခြားလေးနက်မှုများစွာရှိခဲ့ရာ ၂၈-၁၁-၂၀၂၅ ရက်သည် နှစ်နိုင်ငံလုံးအတွက် သမိုင်းဝင်နေ့ရက်တစ်ခု ဖြစ်ခဲ့ရသည်။ မြန်မာပြည်သူ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားရာ အထွတ်အမြတ်တစ်ခုဖြစ်သည့် နေပြည်တော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဧည့်သည်တော်သမ္မတကြီး လာရောက်ဖူးမြော်ကြည်ညို၍ ကုသိုလ်ပြုခဲ့သည့်အတွက်ဖြစ်သည်။ ထို့အတွက် ဗုဒ္ဓဘာသာဝင်အားလုံး ဝမ်းသာပီတိဂုဏ်ယူရပါသည်။ ထို့နောက် နေပြည်တော်ရှိတစ်ချိန်က BIMSTEC အဖွဲ့ဝင် နိုင်ငံအကြီးအကဲများ စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ်သစ်ပင်များ တည်ရှိရာ အမျိုးသားပရဆေးဥယျာဉ်၌ နှစ်နိုင်ငံခေါင်းဆောင်များ အမှတ်တရကံ့ကော်ပင်စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ် အခမ်းအနားတစ်ခုသည်လည်း နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်ရေးအုတ်မြစ်တစ်ခု စိုက်ထူလိုက်ခြင်းမည်ပါသည်။ နောက်ထပ်ထူးခြားမှုတစ်ခုက နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေးရှေ့လမ်းတစ်ခုကို ဘယ်လာရုစ်နိုင်ငံ မြို့တော် မင့်စ်မြို့ကိုအစွဲပြုကာ မင့်စ်လမ်းဟူ၍ အမည်ပေးခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံက လမ်းတစ်ခုကို နိုင်ငံခြားမြို့တော်တစ်ခုအမည်ကို ပေးခြင်းကား သမိုင်းဝင်ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

နှစ်နိုင်ငံကြား ချစ်ခြင်းတရားကား ဘောင်ခတ်ထားခြင်းအလျှင်းမရှိ၊ နယ်နိမိတ်မခြား၊ အဆီးအတားမရှိ တိုးတက်ဖြစ်ထွန်းခဲ့ပါပြီ။ တစ်ဦးနှင့်တစ်ဦး မဟာဗျူဟာမြောက် အကျိုးစီးပွားမိတ်ဖက်များ အဖြစ်လည်း ပို၍ထင်ရှားခဲ့ပါပြီ။ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လိုအပ်ချက်များအတွက် တကယ့်မိတ်ဆွေအစစ်အမှန် အနာဂတ်အတွက် စံပြတစ်ခုဖြစ်ခဲ့ပါပြီ။ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် BRICS အဖွဲ့ဝင်၊ SCO အဖွဲ့ဝင်၊ EAEU အဖွဲ့ဝင်ဖြစ်လာရေး ကြိုးပမ်းအားထုတ်မှုများတွင် အားသာချက်များအဖြစ် ပေါ်လွင်လာမည်ဟု ယူဆပါသည်။ ရေရှည်လက်တွဲမည့် မဟာမိတ်များပီပီ နိုင်ငံတကာမျက်နှာစာတွင် ဘယ်လာရုစ်နိုင်ငံ၏ ထောက်ခံအားပေးမှုသည် ပို၍ခိုင်မာလာတော့မည်ဟု ယုံကြည်ပါသည်။ မြန်မာ-ဘယ်လာရုစ်ဆက်ဆံရေးအတိတ်သမိုင်းလှခဲ့သလို ပစ္စုပ္ပန်လည်း ထို့အတူ၊ အနာဂတ်သမိုင်းလည်း လှနေတော့မှာ မလွဲပါဟူ၍ ဂုဏ်ပြုအပ်ပါသည်။ ။

## ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၉

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်းကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာ ဖော်ပြရေးသား ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ခ) လတ်တလော မြန်မာအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ

(ဂ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့်အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၁) မျက်နှာထက်မနည်း၊ (၁၂) မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅)မျက်နှာထက်မနည်း၊ (၆)မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ ခ၊ ဂ၊ ဃ)ပါ အကြောင်းအရာများအပေါ် အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀" x ၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင်ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့ လိပ်မူ၍ Soft Copy (၁)ချပ်၊ Hard Copy (၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တပါတည်းပူးတွဲပေးပို့ကြရန် ဖြစ်ပါသည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄၊ ၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သတင်းစဉ်

# အကြမ်းဖက်အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်းလာသည့် နွားထိုးကြီးမြို့နယ်

**မင်းမင်းထွန်း (မြင်းခြံ)**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့ကလေးမှာ တစ်ချိန်က အေးချမ်းသာယာခဲ့သည့် မြို့ကလေးဖြစ်သည်။ မန္တလေး-မြင်းခြံရထားလမ်းနှင့် ကားလမ်းတို့ဆုံရာတွင် တည်ရှိနေသည့် နွားထိုးကြီးမြို့၏ စီးပွားရေးအခြေခံမှာ မိရိုးဖလာစိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သာဖြစ်သည့်အလျောက် စည်စည်ကားကား မြို့ကြီးများနှင့် ယှဉ်ပြိုင်လျှင် သာမန်နယ်မြို့ကလေး တစ်မြို့သာ။ နွားထိုးကြီးမြို့ပေါ်ရပ်ကွက် ရှစ်ခုတွင် နေထိုင်သူ စုစုပေါင်းမှာ ၁၄၀၀၀ ကျော်မျှသာဖြစ်ရာ မြို့နယ်အတွင်းရှိ ကျန်လူဦးရေ နှစ်သိန်းလျော့လျော့တို့မှာ ကျေးရွာများတွင် နေထိုင်ကြခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခဲ့သည့် ဒေသများအားလုံး ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် သွေးထိုးလှုံ့ဆော်မှုများ၊ အတင်းအဓမ္မစည်းရုံးသိမ်းသွင်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားခဲ့ရာတွင် မြင်းခြံခရိုင်အတွင်းရှိ အခြားမြို့နယ်များနည်းတူ နွားထိုးကြီးမြို့နယ်သည်လည်း အပါအဝင် ဖြစ်ခဲ့သည်။

မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်တို့တွင် အကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ရဟန်းရှင်လူ ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ငွေကြေးအနိုင်ကျင့်ရယူခြင်းများ လုပ်ဆောင်လာခဲ့သည်။ မြင်းခြံခရိုင်တစ်ခုလုံးတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူး သေဆုံး ၅၂ ဦး၊ ဒဏ်ရာရ ၁၀ ဦး၊ ရွာခွဲတာဝန်ခံ သေဆုံး ၁၄ ဦး၊ ရာအိမ်မှူးသေဆုံး ၂၅ ဦး၊ ဒဏ်ရာရ လေးဦး၊ ဆယ်အိမ်မှူး သေဆုံး လေးဦး၊ ဒဏ်ရာရ တစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သေဆုံး ငါးဦး၊ ဒဏ်ရာရ လေးဦး စုစုပေါင်း သေဆုံး ဦးရေ ၁၀၀ နှင့် ဒဏ်ရာရ ၁၉ ဦးရှိခဲ့သည်။

**နွားထိုးကြီးမြို့နယ်အတွင်းတွင် အကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး သေဆုံး ၁၆ ဦး၊ ရာအိမ်မှူးသေဆုံး ၁၁ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသေဆုံး နှစ်ဦး၊ ဒဏ်ရာရ နှစ်ဦး စုစုပေါင်း သေဆုံး ၂၉ ဦး၊ ဒဏ်ရာရ နှစ်ဦးအထိ ရှိခဲ့သည်။** အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများသည် ကျေးရွာများတွင်သာမက မြို့ပေါ်ရပ်ကွက်အတွင်းထိ အကြမ်းဖက်မှုအမျိုးမျိုး လုပ်ဆောင်လာခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် နွားထိုးကြီးမြို့ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများကို ဝင်ရောက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ခြင်း၊ စစ်ကူများရယူ၍ ပြန်လည်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် အကြမ်းဖက်အဖွဲ့များ မြို့ပေါ်ရပ်ကွက်များတွင် ဝင်ရောက်မနေနိုင်ခဲ့ကြသော်လည်း ဌာနဆိုင်ရာဝန်ထမ်းများ ဆက်လက်တာဝန်ထမ်းဆောင်ရန် လုံခြုံနိုင်မှုမရှိသောကြောင့် မိမိတို့သက်ဆိုင်ရာ ဌာနများအလိုက် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်များသို့ တိမ်းရှောင်၍ တွဲဖက်တာဝန်ထမ်းဆောင်ကာ ရုံးလုပ်ငန်းများ လည်ပတ်နိုင်ရန် ဆောင်ရွက်ခဲ့ကြရသည်။ လုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သာ မြို့လုံခြုံရေးအတွက် ကျန်ရှိခဲ့ရပြီး မြို့ခံပြည်သူများမှာမူ အကြမ်းဖက်အဖွဲ့အစည်းများ၏ အန္တရာယ်ကို ကြောက်ရွံ့သဖြင့် မိမိတို့နီးစပ်ရာ မြို့၊ ရွာများသို့ ပြောင်းရွှေ့တိမ်းရှောင်နေထိုင်ခဲ့ရသည်မှာ တစ်နှစ်ခန့် ကြာမြင့်ခဲ့သည်။



နွားထိုးကြီးမြို့၌ နိုဝင်ဘာ ၂၆ ရက်က ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

❑ **နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းခဲ့သည့် ဒေသများအားလုံး ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် သွေးထိုးလှုံ့ဆော်မှုများ၊ အတင်းအဓမ္မစည်းရုံး သိမ်းသွင်းမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားခဲ့ရာတွင် မြင်းခြံခရိုင်အတွင်းရှိ အခြားမြို့နယ်များနည်းတူ နွားထိုးကြီးမြို့နယ်သည်လည်း အပါအဝင်ဖြစ်ခဲ့**

၂၀၂၅ ခုနှစ် ဩဂုတ်လမှစတင်၍ တပ်မတော်စစ်ကြောင်းများ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နွားထိုးကြီးမြို့နယ်အတွင်း နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ နယ်မြေလုံခြုံအေးချမ်းမှုများ ရရှိလာသည်။ နွားထိုးကြီးမြို့နယ်၏ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အခြားဒေသများသို့ သွားရောက်တွဲဖက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ ၇-၁၁-၂၀၂၅ ရက်မှစ၍ နွားထိုးကြီးမြို့သို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိရာ **နိုဝင်ဘာ ၂၆ ရက်အထိ** ဌာနဆိုင်ရာ ၃၂ ခုမှ အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၃၃၈ ဦး စုစုပေါင်း ၃၇၂ ဦး တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ကျန်ရှိသည့် ဝန်ထမ်းများမှာလည်း တဖြည်းဖြည်း ပြန်လည်ဝင်ရောက်လျက်ရှိသည့်အပြင် နွားထိုးကြီးမြို့ပေါ်ရပ်ကွက်များမှ တိမ်းရှောင်နေသော ပြည်သူများမှာလည်း ၈-၁၁-၂၀၂၅ ရက်မှ စတင်၍ နေ့စဉ်နှင့်အမျှ ပြန်လည်ဝင်ရောက်နေကြရာ **နိုဝင်ဘာ ၂၆ ရက်အထိ** အိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၂၂၈၄ ဦး ပြန်လည်ဝင်ရောက်လျက်ရှိပါသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူးခေါင်းဆောင်၍ နွားထိုးကြီးမြို့နယ်၏ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်စားသောက်ရေးများ အဆင်ပြေစေရေးအတွက် ဦးစွာစီစဉ်ဆောင်ရွက်ခဲ့ပြီး ရုံးဌာနအလိုက် ရုံးတွင်း/ပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်နေရာများတွင် လုံခြုံရေးအဖွဲ့က မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ရုံးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေကြပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် မိုင်းရှင်းလင်းရေးနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများလည်း ပြန်လည်ရောက်ရှိလာပြီဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ပညာရေးကဏ္ဍအနေဖြင့် နွားထိုးကြီးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၈ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လျှပ်စစ်မီးရရှိရေးအတွက် စစ်ဗျူဟာမှူးက ဦးဆောင်၍ မြင်းခြံမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံမှ မြင်းခြံမြို့နယ်-ညောင်ပင်ရွာသို့ သွယ်တန်းထားသော ၃၃ ကေဗွီအေ ဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရေရရှိရေးကဏ္ဍအနေဖြင့် ယခင်က ရေပေးဝေရေး ဆောင်ရွက်ခဲ့သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)/ အမှတ်(၅)/ အမှတ်(၈) ရပ်ကွက်တို့ရှိ စက်ရေတွင်း ရှစ်တွင်းနှင့် ရေပေးဝေသည့် ရေစုကန်များ ပြန်လည်ရေပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် နွားထိုးကြီး-ပြင်စည်-အမြန်လမ်း (၃၂၅/၅)မိုင်မှ အမြန်လမ်းအတိုင်း နွားထိုးကြီး- ရန်ကုန်ယာဉ်လိုင်းသည်လည်းကောင်း၊ နွားထိုးကြီး - ပန်းအိုင် - မလှိုင်-ရန်ကုန် ယာဉ်လိုင်းသည်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည်။

နွားထိုးကြီးမြို့ စည်ပင်သာယာပိုင်မြို့မဈေးကို ပြန်လည်ဖွင့်လှစ်၍ ဈေးသည်ဈေးဝယ်များ စည်ကားသိုက်မြိုက်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် မြို့ပေါ်ရှိ အခြားစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဆိုင်များလည်း ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

နွားထိုးကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် တန်ခိုးကြီးဘုရားဖြစ်သည့် ရှင်ပင်သာဒွန်ဦးမြတ်စွာဘုရားဝင်း အတွင်း/အပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်းတို့ ဆောင်ရွက်ခဲ့သည့်အပြင် နန္ဒဝန်ပန်းခြံနှင့် ဘိုးဘွားရိပ်သာတို့ကို သန့်ရှင်းရေးဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်ထားရှိပြီဖြစ်သည်။ မြို့အတွင်းရှိ လမ်းဘေးဝဲ/ယာ သန့်ရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နွားထိုးကြီးမြို့ ပြန်လည်ထူထောင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်အမှောင်ခဏတာလွှမ်းခဲ့သည့် နွားထိုးကြီးမြို့နယ်သည် အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

**❝ တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နွားထိုးကြီးမြို့ ပြန်လည်ထူထောင်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်အမှောင်ခဏတာလွှမ်းခဲ့သည့် နွားထိုးကြီးမြို့နယ်သည် အမှောင်ရိပ်တို့ လွင့်ပြယ်၍ ပြန်လည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ် ❞**

# အစ္စရေး၏ စစ်ဆင်ရေးဆင်နွှဲမှုများကို ရပ်တန့်ရန် ပါလက်စတိုင်းက အမေရိကန်ကို တောင်းဆို

ဂျေရုဆလင် နိုဝင်ဘာ ၂၉

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်တစ်လျှောက် စစ်ဆင်ရေးဆင်နွှဲမှုများကို ရပ်တန့်ရန် အစ္စရေးကို ဖိအားပေးစေလိုကြောင်း ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူက အမေရိကန်အစိုးရကို ယနေ့ တောင်းဆိုခဲ့သည်။ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်၌ အစ္စရေး၏ ဆက်လက်လုပ်ဆောင်နေသည့် စစ်ဆင်ရေးဆင်နွှဲမှုများက လက်ခံနိုင်စရာမရှိသလို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံခြုံမှုပေးနိုင်မှာ မဟုတ်ကြောင်း ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူ နာဘေးလ် အာဘူရူဒီနာရ်က ပြောကြားခဲ့သည်။ ထို့ပြင် ထိုသို့သောလုပ်ရပ်များသည် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများကို ထိခိုက်စေပြီး ဒေသတွင်း တည်ငြိမ်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များစတင်ရန် အခွင့်အလမ်းဆုံးရှုံးသွားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပါလက်စတိုင်းပြည်သူများအပေါ် တိုက်ခိုက်မှုများ အဆုံးသတ်ရန်နှင့် အခြေချနေထိုင်သူများအား အကြမ်းဖက်မှုကို ရပ်တန့်ရန်အတွက် အစ္စရေးအား ဖိအားပေးရန် အမေရိကန်အား ပါလက်စတိုင်း ပြောရေးဆိုခွင့်ရှိသူ နာဘေးလ် အာဘူရူဒီနာရ်က ထပ်မံတောင်းဆိုခဲ့သည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်ပြည်ထောင်စုရှိ အိမ်ဖြူတော်အနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား



ဝါရှင်တန် နိုဝင်ဘာ ၂၉

အမေရိကန် ပြည်ထောင်စု အိမ်ဖြူတော်အနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖမ်းဆီးခံ သံသယရှိသူမှာ အသက် ၂၉ နှစ်အရွယ် အာဖဂန်နိုင်ငံသားဖြစ်ကြောင်း အမေရိကန် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ သံသယရှိသူသည် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်ဖွဲ့အား ကူညီပေးသူများကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပေးသည့် အစီအစဉ်တစ်ခုအရ အမေရိကန်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း FBI ဒါရိုက်တာနှင့် ကိုလံဘီယာခရိုင်မှ အမေရိကန် ရှေ့နေတို့က သတင်းထောက်များအား ပြောကြားခဲ့သည်။

အာဖဂန် အမျိုးသားသည် ၎င်း၏ဇနီးနှင့် သားသမီးများနှင့်အတူ အနောက်ပိုင်း ဝါရှင်တန်ပြည်နယ်၌ နေထိုင်လျက်ရှိပြီး ဝါရှင်တန်မြို့တော်သို့ ကားမောင်းလာခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းသည် အာဖဂန်နစ္စတန်ရှိ ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် အတူတကွ အလုပ်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက အဆိုပါ အမျိုးသား၏ နေအိမ်ကိုရှာဖွေပြီး ၎င်း၏ရည်ရွယ်ချက်ကို သိရှိရန် သူနှင့် ဆက်စပ်သူများကို စုံစမ်းမေးမြန်းမည်ဖြစ်ကြောင်း သိရသည်။

သေနတ် ပစ်ခတ်ခံရသည့် အစောင့် တပ်ဖွဲ့ဝင်နှစ်ဦးမှာ အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်သည်။ သေဆုံးသူမှာ အမျိုးသမီး ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့ ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးအား ဝါရှင်တန် ဒီစီသို့လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သမ္မတ ထရမ့်က အမိန့်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံရှိ ဂူဂဲလ်ဒေတာစင်တာ စီမံကိန်းတွင် အဒါနီအုပ်စုက ဒေါ်လာ ၅ ဘီလီယံ ရင်းနှီးမြှုပ်မည်



ဒေလီ နိုဝင်ဘာ ၂၉

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံ၌ ဒေတာ စွမ်းဆောင်ရည်အတွက် မြင့်တက်လာနေသော ဝယ်လိုအားမှ အကျိုးအမြတ်ရယူရန် ကြိုးပမ်းသည့် အနေဖြင့် အိန္ဒိယအခြေစိုက် အဒါနီအုပ်စုသည် အယ်လ်ဖာဘက်ကုမ္ပဏီပိုင် ဂူဂဲလ်၏ အိန္ဒိယ အေအိုင်ဒေတာစင်တာ စီမံကိန်းတွင် ဒေါ်လာ ၅ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော အောက်တိုဘာလတွင် ဂူဂဲလ်ကုမ္ပဏီက အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်၌ ဉာဏ်ရည်တုဆိုင်ရာ ဒေတာစင်တာတစ်ခု တည်ထောင်ရန်အတွက် ငါးနှစ်အတွင်း ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ရာ ၎င်းသည် အိန္ဒိယတွင် ထိုကုမ္ပဏီ၏ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်မည်ဟု ဆိုသည်။

ဉာဏ်ရည်တုအတွက် ကြီးမားသော ကွန်ပျူတာစွမ်းအားများ လိုအပ်ရာ ၎င်းက ချစ်ပ်ပြားထောင်ပေါင်းများစွာကို စုပေါင်းချိတ်ဆက်နိုင်သော အထူးပြု ဒေတာစင်တာများအတွက် ဝယ်လိုအားကို တွန်းအားပေးနေသည်။

အဒါနီအုပ်စု၏ ဘဏ္ဍာရေးအရာရှိချုပ်ဖြစ်သူ ဂျူဂျက်ရှင်ဒါဆင်းက ဂူဂဲလ် စီမံကိန်းသည် ဖက်စပ်လုပ်ငန်းဖြစ်သော အဒါနီကွန်နက်စ်အတွက် ဒေါ်လာ ၅ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှု ဖြစ်နိုင်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ထိုင်းတောင်ပိုင်း ရေဘေးဒဏ်သင့်မှုများအပြီးတွင် ကြီးမားသော သန့်ရှင်းရေးလုပ်ငန်းများ စတင်

ဘန်ကောက် နိုဝင်ဘာ ၂၉

ဝန်ကြီးချုပ်က ယခုနှစ်များအတွင်း အဆိုးဆုံး ရေကြီးမှုကြောင့် ကျယ်ပြန့်သော ပျက်စီးဆုံးရှုံးမှုများအတွက် တောင်းပန်လိုက်ပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကြီးမားသော သန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၉ ရက်တွင် စတင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုသီတင်းပတ်အတွင်း ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ အချို့ဒေသများတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့ရာ လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်နှင့်ချီသောလူများ ပိတ်မိနေခဲ့ကာ များစွာသောသူတို့မှာ ကယ်ဆယ်ရေးကို စောင့်မျှော်ရင်း အိမ်ခေါင်မိုးများပေါ်တွင် တင်ရှိနေခဲ့သည်။

ထိုင်းတောင်ပိုင်း ဆောင်ခလာပြည်နယ်တွင် ရေမျက်နှာပြင်သည် သုံးမီတာအထိ ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်အတွင်း အဆိုးဆုံး ရေကြီးမှုများထဲမှ တစ်ခုအဖြစ် လူပေါင်း ၁၄၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## ဘာတယ်လီ ခြေထောက် ကျောက်ဖြစ်ရုပ်ကြွင်း၏ လျှို့ဝှက်ချက်ကို လူသားဘိုးဘေးတစ်ဦးနှင့် သက်ဆိုင်သည်ဟု သိပ္ပံပညာရှင်များ ဖော်ထုတ်



အဒစ်အဘာဘာ နိုဝင်ဘာ ၂၉

သိပ္ပံပညာရှင်များသည် ၂၀၀၉ ခုနှစ်က အီသီယိုးပီးယားတွင် တွေ့ရှိခဲ့သည့် နှစ်ပေါင်း ၃ ဒသမ ၄ သန်းသက်တမ်းရှိ ဘာတယ်လီ ခြေထောက်ဟုခေါ်သော ကျောက်ဖြစ်ရုပ်ကြွင်းများ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့သည် လူသားဆင့်ကဲပြောင်းလဲမှု သမိုင်းတွင် နားလည်ရခက်ခဲသော ကာလ၌ အခြားဆက်နွယ်မှုနီးစပ်သည့် မျိုးစိတ်တစ်ခုနှင့် အတူယှဉ်တွဲနေထိုင်ခဲ့သော လျှို့ဝှက်ဆန်းကြယ်သည့် လူသားဘိုးဘေးတစ်ဦးနှင့် သက်ဆိုင်သည်ဟု တွေ့ရှိရကြောင်း သိရသည်။

မကြာသေးမီက အနီးအနားတွင် တွေ့ရှိခဲ့သော သွား ၂၅ ချောင်းနှင့် ၄ နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦး၏ မေးရိုးအရိုးကို အခြေခံ၍ သိပ္ပံပညာရှင်များသည် ထိုခြေထောက်အရိုး ရှစ်ခုသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကမှ ပထမဆုံးအကြိမ် ဖော်ထုတ်ခဲ့သော မျောက်နှင့်တူသည့်အသွင်အပြင်နှင့် လူသားနှင့်တူသည့်အသွင်အပြင်များ ပေါင်းစပ်ပါဝင်သည့် ဩစထရာလိုပစ်သီးကပ်စ် ဒေယီရေမေဒါမျိုးစိတ်ကို ကိုယ်စားပြုကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

အီသီယိုးပီးယား အာဖာဒေသ၏ အရှေ့မြောက်ပိုင်းရှိ ဘာတယ်လီဟုခေါ်သော နေရာတွင် အရိုးများကို တွေ့ရှိခဲ့သောကြောင့် ထိုသို့ အမည်ပေးထားသည့် ဘာတယ်လီခြေထောက်က ထိုမျိုးစိတ်သည် ခြေနှစ်ချောင်းဖြင့် ရပ်တည်နိုင်သော်လည်း သစ်ပင်တက်ရာတွင် အသုံးဝင်သည့် ၎င်း၏ ခြေမသည် လက်မကဲ့သို့ အခြားလက်ချောင်းများကို ဆန့်ကျင်နိုင်သည့် အင်္ဂါရပ် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Mon

## နေရောင်ခြည်ဆိုင်ရာ ဖြတ်သန်းမှုများကြောင့် အဲဘတ်စ်လေယာဉ် ထောင်နှင့်ချီ၍ ရပ်နားထားရ

လန်ဒန် နိုဝင်ဘာ ၂၉

ပြင်းထန်သော နေရောင်ခြည် ဖြတ်သန်းမှုများသည် လေယာဉ်ပေါ်ရှိ လေကြောင်းထိန်းချုပ်မှု ကွန်ပျူတာများကို အနှောင့်အယှက်ပေးနိုင်သည်ဟု တွေ့ရှိရပြီးနောက် အဲဘတ်စ်လေယာဉ်ထောင်ပေါင်းများစွာကို ကမ္ဘာတစ်ဝန်းတွင် ရပ်နားထားရသဖြင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဥရောပအခြေစိုက်ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ လေယာဉ်စုစုပေါင်း၏ တစ်ဝက်ဖြစ်သော အေ ၃၂၀ လေယာဉ် အစီးရေ ၆၀၀၀ ခန့်အထိ ထိခိုက်မှုရှိနိုင်သည်ဟုယူဆရသော်လည်း အများစုမှာ လျင်မြန်သော ဆော့ဖ်ဝဲအသစ်တင်ခြင်းအား ပြုလုပ်ပြီးနောက် ပြန်လည်ပျံသန်းနိုင်မည်ဟု ဆိုသည်။

လေဆိပ်များတွင် သက်ရောက်မှု အကန့်အသတ်ဖြင့်သာ ရှိပုံရသော်လည်း လေကြောင်းခရီးစဉ်များတွင် အနှောင့်အယှက်နှင့် ဖျက်သိမ်းမှုအချို့ဖြစ်ပေါ်လာမည်ဟု ဗြိတိန်နိုင်ငံ၏ လေကြောင်းထိန်းချုပ်ရေးအဖွဲ့က အတည်ပြုကြေညာသည်။

လွန်ခဲ့သော အောက်တိုဘာလက အမေရိကန်နှင့် မက္ကဆီကိုကြား ပျံသန်းနေသော လေယာဉ်တစ်စင်း ရုတ်တရက် အမြင့်ဆုံးရှုံးသွားသည့် ဖြစ်ရပ်တစ်ခုကို စုံစမ်းစစ်ဆေးပြီးနောက်တွင် အဆိုပါပြဿနာကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon





## စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြသ

**ညောင်ဦး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ညောင်ဦးမြို့၊ အမှတ်(၆) တက်သိမ်းရပ်ကွက်၌ ဖွင့်လှစ်ထားရှိသော HTOO စက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်ပြီး မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ မီးလောင်မှုအဆင့်အတန်းခွဲခြားခြင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး HTOO စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက HTOO စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးသတ်ဆေးဘူးနှင့် မီးငြှိမ်းသတ်ရေးပစ္စည်းများ အသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ ရေစိုဝတ်အသုံးပြု၍ မီးငြှိမ်းသတ်ခြင်းနှင့် ပိုက်လိပ်၊ ပိုက်ခေါက်အသုံးပြုပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)

## ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မြို့သစ် နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်သည့်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show) ကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က ကျား၊ မ အခြေပြု အကြမ်းဖက်မှု၏အဓိပ္ပာယ်၊ အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပွားရသည့်အကြောင်းအရင်း၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရပါက ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရပါက ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများဖြစ်ပွားပါက တိုင်ကြားနိုင်သည့်နေရာများနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်ခံရပါက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှုများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ) ဝင်းအိစွန်(ပြန်/ဆက်)






## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်း စိုက်ပျိုးရေးဆေးဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အောင်လံမြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များအတွင်း ပစ္စည်းများထားသိုမှုအား စစ်ဆေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း၊ သွယ်တန်းထားသော လျှပ်စစ်ကြိုးများ ဟောင်းနွမ်းဆွေးမြေ့ပါက အသစ်သွယ်တန်းသုံးစွဲရန်၊ မီးလောင်လွယ်သည့် ပစ္စည်းများ သိုလှောင်ခြင်းမပြုရန်နှင့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊ မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက မီးငြှိမ်းသတ်ရေးနည်းလမ်းများနှင့် လိုက်နာရမည့်အချက်များကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟဲလုံကျေးရွာနေ ကြည်သာမိုးဦး(၄၀) နှစ်ဆိုသူ၏ နေအိမ်၌ လိုင်စင်မဲ့မော်တော်ယာဉ် ရောင်းချနေကြောင်း သတင်းအရ မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ခြံဝင်းအတွင်း၌ ကြည်သာမိုးဦးဆိုသူအား PAJERO မော်တော်ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိရပြီး မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကြည်သာမိုးဦးဆိုသူအား မိုးညှင်းမြို့မရဲစခန်းမှ ပို့ကုန်၊သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ညောင်နီကျေးရွာအနီး မြို့ရှောင်လမ်းတွင် မော်တော်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ညောင်နီကျေးရွာအနီး မြို့ရှောင်လမ်း၌ နောင်ချိုမှ ပြင်ဦးလွင်ဘက်သို့ ယာဉ်မောင်း ဦးသိန်းထွန်း(၄၂) နှစ်ဆိုသူ မောင်းနှင်လာသော SINO TRUCK အမျိုးအစား ၂၂ ဘီး မော်တော်ယာဉ်သည် ရှေ့မှ ကွေ့လာသည့်ယာဉ်အား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပြီးစီးခဲ့သည်။



အဆိုပါဖြစ်စဉ်ကြောင့် SINO TRUCK အမျိုးအစား ၂၂ ဘီး ယာဉ်ပေါ်ပါ ယာဉ်မောင်း အပါအဝင် အမျိုးသားလေးဦးအနက် အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)တို့အား ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်း သိန်းထွန်းဆိုသူအား ပြင်ဦးလွင်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## နှစ်လုံးထီလောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ နှစ်လုံးထီလောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ငူမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရွှေကျွန်းသစ်ကားဂိတ်နေ ဒေါ်ဇာဇာ(၃၅)နှစ်ဆိုသူသည် နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား အဆိုပါကားဂိတ်အခန်း ခုတင်ပေါ်၌ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်ဇာဇာဆိုသူအား တောင်ငူမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*



**ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်း မပြောရ ။**

# KK Park နယ်မြေအတွင်း တရားမဝင်အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်နေကြသူများအား အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အဆောက်အအုံများ ချိပ်ပိတ်သိမ်းမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိသည့် ရှစ်ထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင် အဆောက်အအုံများ အတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်း လိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၂ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၇၀ ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိလူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများနှင့် ဟိုတယ်များဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး၊ ငါးထပ်အဆောက်အအုံ ၁၅ လုံး၊ ခြောက်ထပ် အဆောက်အအုံ သုံးလုံး၊ ခုနစ်ထပ်အဆောက်အအုံ လေးလုံး၊ ရှစ်ထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၃၅ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း သုံးထပ်အဆောက်အအုံ ၃၅ လုံး၊ ခုနစ်ထပ်အဆောက်အအုံ တစ်လုံး၊ ၁၃ ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း ၃၇ လုံးကို ချိပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၁၀၁ လုံးအထိ ချိပ်ပိတ်သိမ်းဆည်းပြီး ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင် ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၃၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၈၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။သတင်းစဉ်





KK Park နယ်မြေအပိုင်း (၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်အဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (ယာပုံ)ကို တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း (၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်တိုက် ဆေးရုံ အဆောက်အအုံ မဖြိုဖျက်မီ (ဝဲပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ) ကို တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း (၃) တွင် တရားမဝင်ဆောက်လုပ် ထားသည့် လေးထပ်တိုက် အဆောက်အအုံ မဖြိုဖျက်မီ (ယာပုံ)နှင့် ဖြိုဖျက်ပြီး (အောက်ပုံ) ကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဒုတိယအသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် ဒေးဗစ်လူးဝစ်ဇ် မှတ်တမ်းဝင်

**လန်ဒန် နိုဝင်ဘာ ၂၉**

ပါဖို့စ်အသင်း နောက်ခံကစားသမား ဒေးဗစ်လူးဝစ်ဇ်သည် ပီပီနောက်ပိုင်း ချန်ပီယံလိဂ်သမိုင်းတစ်လျှောက်တွင် ဒုတိယအသက်အကြီးဆုံး ဂိုးသွင်းသူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပါဖို့ဒ်အသင်းနှင့် မိုနာကိုအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**



နောက်ခံကစားသမား ဒေးဗစ်လူးဝစ်ဇ်သည် ပါဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲ ကစားပြီး သုံးဂိုးသွင်းယူထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဒေးဗစ်လူးဝစ်ဇ်က "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## အက်စတွန်ဗီလာအသင်း ၂၀၂၅ ခုနှစ်အတွင်း ဥရောပအိမ်ကွင်းပြိုင်ပွဲ ခြောက်ပွဲထိ အနိုင်ရယူသည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် နိုဝင်ဘာ ၂၉**

အက်စတွန်ဗီလာအသင်းသည် ၂၀၂၅ ခုနှစ်အတွင်း ဥရောပအိမ်ကွင်းပြိုင်ပွဲ ခြောက်ပွဲထိ အနိုင်ရယူသည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ယူရိုပါလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းသည် ယန်းဘွိုင်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အက်စတွန်ဗီလာအသင်း နည်းပြ အူနိုင်းအမ်မရီက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်နိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။နောက်လာမယ့်ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အက်စတွန်ဗီလာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ပွဲစဉ်ငါးပွဲ ကစားအပြီးတွင် ရမှတ် ၁၂မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နေပြီး ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် ရလဒ်ကောင်းလျက်ရှိသည်။ **(အပေါ်ပုံ) (NGB)**

## မယ်လ်မိုအသင်းကို ဂိုးပြတ်အနိုင်ရရှိသည့်အတွက် အလွန်ကျေနပ်မိကြောင်း နည်းပြ ရှောင်ဒိုက်ခ် ပြောကြား

**လန်ဒန် နိုဝင်ဘာ ၂၉**

ယူရိုပါလိဂ် ပွဲစဉ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်းသည် မယ်လ်မိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ ရှောင်ဒိုက်ခ်က မိမိအနေဖြင့် ယခုလို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း၊ အသင်းသားများ၏ ခြေစွမ်းကိုလည်း ချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ ရှောင်ဒိုက်ခ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ခုနစ်ပွဲတွင် လေးပွဲနိုင်၊နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။ **(အောက်ပုံ)**

နည်းပြ ရှောင်ဒိုက်ခ်က "မယ်လ်မိုအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့လို့ အလွန်ကျေနပ်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေလည်း အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်ခဲ့ပါတယ်။ နောက်ထပ် ပွဲစဉ်တိုင်းမှာလည်း ယခုလို နိုင်ပွဲတွေ ဆက်လက်ရယူသွားလိုပါတယ်"ဟု ပြောသည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ယူရိုပါလိဂ်ပွဲစဉ်ငါးပွဲ ကစားအပြီးတွင် ရမှတ်ရှစ်မှတ်ဖြင့် အဆင့်(၁၆)နေရာတွင် ရပ်တည်လျက်ရှိသည်။ **(NGB)**



## မတ်တီယိုဂွမ်ဒူဇီကို ခေါ်ယူရန် ဆန်းဒါးလန်းအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၉**

ဆန်းဒါးလန်းအသင်းသည် လာဇီယိုအသင်း ကွင်းလယ်ကစားသမား မက်တီယိုဂွမ်ဒူဇီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ ပွဲ ကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

လာဇီယိုအသင်းကလည်း မက်တီယိုဂွမ်ဒူဇီအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဆန်းဒါးလန်းအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လာဇီယိုအသင်းထံမှ မက်တီယိုဂွမ်ဒူဇီကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**




### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၁၁-၂၀၂၅<br>ည ၇း၃၀ နာရီ | ဆိုစီဒက် - ဗီလာရီးရဲလ်<br>(W,W,W,D,W) (W,L,W,W,L) | ဆိုစီဒက် ၁-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၂-၂ ဆိုစီဒက် |
| ၃၀-၁၁-၂၀၂၅<br>ည ၉း၄၅ နာရီ | ဆီဗီလာ - ဘက်တစ်<br>(L,W,L,W,L) (W,W,D,D,W) | ဆီဗီလာ ၁-၀ ဘက်တစ်<br>ဘက်တစ် ၂-၁ ဆီဗီလာ |
| ၁-၁၂-၂၀၂၅<br>နံနက် ၀၀း၀၀ နာရီ | ဆဲလ်တာဗီဂို - အက်စ်ပန်ညို<br>(W,W,L,W,L) (W,W,L,L,W) | ဆဲလ်တာဗီဂို ၀-၂ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၃-၁ ဆဲလ်တာဗီဂို |
| ၁-၁၂-၂၀၂၅<br>နံနက် ၀၂း၃၀ နာရီ | ဂျီရိုနာ - ရီးရဲလ်မက်ဒရစ်<br>(D,W,L,W,D) (W,L,D,D,W) | ဂျီရိုနာ ၀-၃ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၀ ဂျီရိုနာ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၁၁-၂၀၂၅<br>ညနေ ၆း၃၀ နာရီ | လက်ချီ - တိုရီနို<br>(L,L,W,D,L) (W,D,D,D,L) | လက်ချီ ၁-၀ တိုရီနို<br>တိုရီနို ၀-၀ လက်ချီ |
| ၃၀-၁၁-၂၀၂၅<br>ည ၈း၃၀ နာရီ | ပီဇာ - အင်တာမီလန်<br>(D,D,D,W,D) (W,W,W,L,L) | ပီဇာ ၁-၁ အင်တာမီလန်<br>အင်တာမီလန် ၇-၀ ပီဇာ |
| ၃၀-၁၁-၂၀၂၅<br>ည ၁၁း၃၀ နာရီ | အတ္တလန္တာ - ဖီအိုရင်တီးနား<br>(L,W,L,L,W) (L,L,D,D,L) | အတ္တလန္တာ ၃-၂ ဖီအိုရင်တီးနား<br>ဖီအိုရင်တီးနား ၁-၀ အတ္တလန္တာ |
| ၁-၁၂-၂၀၂၅<br>နံနက် ၀၂း၁၅ နာရီ | ရိုးမား - နာပိုလီ<br>(L,W,W,W,W) (D,D,L,W,W) | ရိုးမား ၁-၁ နာပိုလီ<br>နာပိုလီ ၁-၀ ရိုးမား |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၁၁-၂၀၂၅<br>ည ၉း၀၀ နာရီ | ဟမ်းဘတ် - စတုဂတ်<br>(L,W,L,D,L) (L,W,W,D,W) | ဟမ်းဘတ် ၁-၃ စတုဂတ်<br>စတုဂတ် ၃-၀ ဟမ်းဘတ် |
| ၃၀-၁၁-၂၀၂၅<br>ည ၁၁း၀၀ နာရီ | ဖရန့်ဖတ် - ဝုဖ်ဘတ်<br>(D,D,W,W,L) (W,L,L,L,L) | ဖရန့်ဖတ် ၁-၁ ဝုဖ်ဘတ်<br>ဝုဖ်ဘတ် ၁-၂ ဖရန့်ဖတ် |
| ၁-၁၂-၂၀၂၅<br>နံနက် ၀၁း၀၀ နာရီ | ဖရိုင်းဘတ် - မိန့်ဇ်<br>(D.W,W.L,D) (D,W,L,D,L) | ဖရိုင်းဘတ် ၀-၀ မိန့်ဇ်<br>မိန့်ဇ် ၂-၂ ဖရိုင်းဘတ် |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၁၁-၂၀၂၅<br>ည ၈း၃၀ နာရီ | စတာရာဘော့ - ဘရက်<br>(L,W,W,L,W) (L,L,D,L,W) | စတာရာဘော့ ၀-၀ ဘရက်<br>ဘရက် ၃-၁ စတာရာဘော့ |
| ၃၀-၁၁-၂၀၂၅<br>ည ၁၀း၄၅ နာရီ | အန်းဂါးစ် - လန်းစ်<br>(W,D,L,W,W) (W,L,W,W,W) | အန်းဂါးစ် ၀-၁ လန်းစ်<br>လန်းစ် ၁-၀ အန်းဂါးစ် |
| ။ | လီဟာဗေး - လိုင်လီ<br>(W,W,D,D,L) (W,L,L,W,W) | လီဟာဗေး ၀-၃ လိုင်လီ<br>လိုင်လီ ၁-၂ လီဟာဗေး |
| ၃၀-၁၁-၂၀၂၅<br>ည ၁၀း၄၅ နာရီ | လိုရီယန့်စ် - နိုက်စ်<br>(L,D,L,D,D) (L,L,L,L,L) | လိုရီယန့်စ် ၁-၁ နိုက်စ်<br>နိုက်စ် ၃-၀ လိုရီယန့်စ် |
| ၁-၁၂-၂၀၂၅<br>နံနက် ၀၂း၁၅ နာရီ | လိုင်ယွန် - နန့်တက်စ်<br>(D,L,L,D,W) (W,L,L,D,D) | လိုင်ယွန် ၂-၀ နန့်တက်စ်<br>နန့်တက်စ် ၁-၁ လိုင်ယွန် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃၀-၁၁-၂၀၂၅<br>ညနေ ၆း၃၀ နာရီ | ပဲလေ့စ် - မန်ယူ<br>(W,W,D,W,L) (W,W,D,D,L) | ပဲလေ့စ် ၀-၀ မန်ယူ<br>မန်ယူ ၀-၂ ပဲလေ့စ် |
| ၃၀-၁၁-၂၀၂၅<br>ည ၈း၃၅နာရီ | ဗီလာ - ဝုဖ်<br>(L,W,W,W,W) (L,L,L,L,L) | ဗီလာ ၃-၁ ဝုဖ်<br>ဝုဖ် ၂-၀ ဗီလာ |
| ။ | နော်တင်ဟမ် - ဘရိုက်တန်<br>(D,D,W,W,W) (L,L,W,D,W) | နော်တင်ဟမ် ၇-၀ ဘရိုက်တန်<br>ဘရိုက်တန် ၂-၂ နော်တင်ဟမ် |
| ။ | ဝက်စ်ဟမ်း - လီဗာပူး<br>(L,L,W,W,D) (W,W,L,L,L) | ဝက်စ်ဟမ်း ၀-၅ လီဗာပူး<br>လီဗာပူး ၂-၁ ဝက်စ်ဟမ်း |
| ၃၀-၁၁-၂၀၂၅<br>ည ၁၁း၀၀နာရီ | ချဲလ်ဆီး - အာဆင်နယ်<br>(W,D,W,W,W) (W,W,D,W,W) | ချဲလ်ဆီး ၁-၁ အာဆင်နယ်<br>အာဆင်နယ် ၁-၀ ချဲလ်ဆီး |

# မဟာမုနိဘုရားကြီး၊ သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ ရတနာပုဏ္ဏဝရဒါ၃ဓာတုစေတိယစွယ်တော်မြတ်စေတီ(မန္တလေး)နှင့် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားများသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို





**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မဟာမုနိဘုရားကြီး၊ သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ ရတနာပုဏ္ဏဝရဒါ၃ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)နှင့် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားများသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်ကြည်ညို၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီး ဂန္ဓကုဋိပြာသာဒ်ရွှေကျောင်းတော်ကြီးနှင့် ဘုရားကြီးပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်ပူဇော်ထားတော်မူရာ ဂန္ဓကုဋိပြာသာဒ်ရွှေကျောင်းတော်ကြီးအား ရွှေသားထီးတော်မြတ် ပြန်လည်တင်လှူပူဇော်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ကြေးပြားပေါ်တွင် တပ်ဆင်မည့် ၉ လက်မ ပတ်လည်အတွက် တူလုံးထုခြင်း၊ ရွှေနန်းဆွဲခြင်း၊ ဖြက်ဖွင့်ခြင်း စသည့် ရွှေပြားခတ်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများအမြန်ဆုံးပြီးစီးရန် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် တာဝန်ရှိသူများအနေဖြင့် အလေးထားကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားရုပ်ပွားတော်သီတင်းသုံးရာ ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်ကြီးအား ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးမှုတွေ့ရှိချက်များ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**စာမျက်နှာ ၁၃ သို့** ☸









## မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး (အေရိုးဗစ်)ပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီမှ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး(အေရိုးဗစ်)ပြိုင်ပွဲဝင်များအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၈ ရက်က တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သောင်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး (အေရိုးဗစ်)ပြိုင်ပွဲတွင် ဆုရရှိသည့် နည်းပြများနှင့်ပြိုင်ပွဲဝင်အမျိုးသမီးများအား မန္တလေးတိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီ နာယက ဒေါ်မမက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီး အေရိုးဗစ်ပြိုင်ပွဲတွင် ဆုရရှိသည့် နည်းပြနှင့်တစ်ဦးချင်းပြိုင်ပွဲဝင် အမျိုးသမီးများအား မန္တလေးတိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သောင်းစိုးနှင့်အဖွဲ့ဝင်များက ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီ နာယက ဒေါ်မမ၊ အမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သောင်းစိုးနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့်အားကစားမှူးများ တက်ရောက်ခဲ့ပြီး မန္တလေးခရိုင်အားကစားမှူး ဒေါ်ဖူးဝေသိန်းက ဆုရရှိမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောင်ဇော်မင်း)**



## မဲစာရင်းတွင် အမည်ပါရှိ မဲပေးနိုင်ရေး အမရပူရမြို့နယ်အတွင်း မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်များ ဆောင်ရွက်



**မန္တလေး နိုဝင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စတင်၍ ကျင်းပသွားမည်ဖြစ်ရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူပြည်သူများ မိမိတို့၏ဆန္ဒမဲပေး ပိုင်ခွင့်များဆုံးရှုံးမှုမရှိစေရေးအတွက် မဲစာရင်းတွင်အမည်ပါရှိမဲပေးနိုင်ရေး မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးသည် ယနေ့နံနက်ပိုင်းက အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း (Door to Door)တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းစဉ်များကို တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်သည့် မြေပြင်တစ်အိမ်တက်ဆင်းအဖွဲ့ဖြင့် အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်းရှိ မှန်တန်း၊ ဈေးချို၊ လေးစု၊ အိုးတော်၊ တောင်ကြီး၊ ကျန်တန်း၊ ဆင်စွယ်ပွတ်၊ ရွှေဥမ်းထုပ်၊ ငယ်တိုးစသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း တစ်အိမ်တက်ဆင်း( Door to Door)မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စစ်ဆေးပေးခဲ့ပြီးနှင့် ပုံစံ-၃ ဖြင့် ဖြည့်စွက်ခြင်း၊ ပုံစံ-၄ ဖြင့် ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

❁ စာမျက်နှာ ၁၂ မှ

ဆက်လက်၍ သမိုင်းဝင်ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ရောက်ရှိပြီး မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုပ်ပွားတော်မြတ်ကြီး၊ စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ရတနာပုဏ္ဏာဝရဒါဠာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ရောက်ရှိပြီး ရတနာစိန်ဖူးတော်၊ ၄က်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် ပြန်လည်တင်လှူပူဇော်ပြီးစီးခြင်းနှင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ၊ ရင်ပြင်တော်ရှိ ခုံးများ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ဆက်လက်ဆောင်ရွက်မည့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ဘုရားဖူးပြည်သူများ ဘေးကင်းလုံခြုံစိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရေး၊ ဓာတ်လှေကား၊ စက်လှေကားများနှင့်ပတ်သက်၍ လိုအပ်သည့် ပြုပြင်မှုများကို အမြန်ဆုံးဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## ဖူဆယ်ဒိုင်လူကြီး သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၉**

၂၀၂၅ ခုနှစ်၊ ပြင်ဦးလွင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ဖူဆယ်ဒိုင်လူကြီး သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ပြင်ဦးလွင်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားခန်းမဆောင်(၁)၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဗိုလ်ဗိုလ်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဒိုင်နည်းပြ ဦးကျော်စိုးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ ခြောက်ရက်ကြာ ပြုလုပ်ခဲ့ရာ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်အသီးသီးတို့မှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတို့အား စာတွေ့၊လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**
**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀



## မြို့မဈေးတွင် အသား၊ ငါးဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာဈေးနှင့် ဒက္ခိဏဈေးအတွင်း ရောင်းချလျက်ရှိသည့် အသား၊ ငါးဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးအတွက် တာဝန်ရှိသူများက ယမန်နေ့ နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကော်မတီဝင်များ၊ မြို့မဈေးတာဝန်ခံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ အမဲသား၊ ဝက်သား၊ ငါး၊ ဆိတ်သားများ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ အသား၊ ငါးများ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရန်နှင့် အလေးချိန်ခွင် ပြည့်ဝစွာ ချိန်တွယ်ခြင်းဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**

# သတင်းစာဆရာတစ်ယောက်၏ ဘဝဆည်းဆာ

သတင်းစာဆရာ၊ စာရေးဆရာ နတ်မောက်ထွန်းရှိန်ကို ကျွန်တော်က "ဆရာရှိန်"ဟု ခေါ်ဝေါ်နှုတ်ကျိုးခဲ့၏။ ကျွန်တော်သည် ဆရာရှိန်၏ တပည့်အရင်းဖြစ်ခဲ့ရ၏။ ကျွန်တော်သည် ဆရာရှိန်နှင့်အတူ လက်တွဲပြီး စာပေအလုပ်တွေ လုပ်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့်ရှိပေ၏။

နတ်မောက်ထွန်းရှိန်ဆိုသည်မှာ ထပ်ဆင့်အမျိုးသားစာပေဆုရသူ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရသူ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ အထက်မြန်မာသတင်းဂျာနယ်တိုက်၏ အယ်ဒီတာချုပ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်၏ စာတည်းမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါသည်။

သို့သော် ယခုအခါမှာတော့ ဆရာရှိန်သည် လူ့လောကတွင် မရှိရှာတော့ပေ။ လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပေသည်။ ဆရာရှိန်မဆုံးပါးမီ ဆရာ၏ထူးခြားချက်အချို့ကို ပြောပြချင်ပါသေး၏။ စိတ်ဝင်စားစရာလည်း ကောင်းပါသည်။

ဆရာရှိန်မကွယ်လွန်မီ ကျွန်တော်သည် ဆရာနှင့် လက်ပွန်းတတီး အတူနေထိုင်ခဲ့သူဖြစ်ပါသည်။ ဆရာက မန္တလေးနေ့စဉ်သတင်းစာတိုက်၏ အလုပ်တစ်ဖက်နှင့်အတူ သူ၏ကိုယ်ပိုင်စာအုပ်များကိုလည်း အဆက်မပြတ်ထုတ်ဝေနေသူလည်း ဖြစ်ပေသည်။ ဆရာရှိန်သည် သူထုတ်ဝေခဲ့သည့် စာအုပ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်များသို့ တင်ထားခြင်းဖြစ်ပေသည်။ အဆိုပါအရောင်းစာအုပ်များနှင့်ပတ်သက်၍လည်း ဆရာက ကျွန်တော့်ကို အကုန်လွှဲအပ်ထားပါသည်။

ဆရာရှိန်သည် စာအုပ်အရောင်းဆိုင်များတွင် တင်ထားသော သူ့စာအုပ်များနှင့်ပတ်သက်၍ ခေါင်းထဲတွင်မရှိပါ။ ဆိုလိုသည်မှာ ဆရာက သူထုတ်ဝေသည့်စာအုပ်များ၏ အမြတ်ငွေကို ထည့်မတွက်သည့်အပြင် စာအုပ်ရောင်းရငွေများနှင့်လည်း အရေးမစိုက်ပါ။ သိပ်လည်းစိတ်ဝင်စားဟန် မတူ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်တော်က ဆရာရှိန်ကို သတိပေးလျှင် ဆရာက မကြိုက်ပေ။ ဤအခါမျိုးဆိုလျှင် ဆရာရှိန်က "မင်းဆီမှာ စာအုပ်နဲ့ပတ်သက်တဲ့ စာရင်းဇယားတွေရှိနေတာပဲ။ ဘယ်အချိန်သွားရှင်းရှင်း ရပါတယ်ကွာ"ဟု ဆိုတတ်လေသည်။

ဆရာရှိန် မကွယ်လွန်ခင် တစ်လအလိုခန့်တွင် ဖြစ်မည်ထင်သည်။ ထိုနေ့က ဆိုင်းမဆင့်ဗုံမဆင့် ဆိုသလိုပင် ဆရာရှိန်က ကျွန်တော်နှင့် ကာတွန်းဆရာ ဖိုးချစ်(တောင်ခြေ)ကိုခေါ်ပြီး မန္တလေးမြို့ပေါ်ရှိ စာအုပ်အရောင်းဆိုင်များဆီသို့ စာရင်းရှင်းရမည်ဟုဆို၏။ တစ်နည်းပြောရလျှင် စာအုပ်လက်ကျန်ငွေများကို ကောက်ခိုင်းနေခြင်းဖြစ်သည်။ ဆရာရှိန်သည် သူ့အတွက် ငွေလိုနေ၍လည်းမဟုတ်။ ဘာကြောင့် သူ့အတွက် အရေးကြီးနေသလဲဆိုတာ မပြောတတ်ပါ။

ဤသို့ဖြင့် ကျွန်တော်တို့သုံးယောက်သည် ကာတွန်းဆရာဖိုးချစ်၏ "ကား"လေးနှင့်အတူ တစ်ဆိုင်ပြီးတစ်ဆိုင် သွားရှင်းရ၏။ ဆရာရှိန်ကတော့ ကားပေါ်မှတစ်ဆင့် ကျွန်တော်တို့ကို လမ်းညွှန်နေခြင်းဖြစ်၏။ ကျွန်တော်တို့သည် တစ်ဆိုင်ပြီးတစ်ဆိုင် စာအုပ်စာရင်း သွားရှင်းနေရခြင်းဖြစ်၏။ အပြန်တွင် ထူးခြားချက်တစ်ခုမှာ ဆရာက ကျွန်တော်တို့နှစ်ယောက်ကို နာမည်ကြီး "မြန်မာထမင်းဆိုင်"တွင် လိုက်ကျွေး၏။ သည့်နောက် လက်ဖက်ရည်ဆိုင်များကို တစ်ဆိုင်ပြီးတစ်ဆိုင် ထိုင်ရ၏။ ငြင်းပယ်၍လည်းမရပါ။ ဆရာရှိန်က "ဘူး"ဆိုလျှင် "ဖရုံ"မသီးပါ။ ယခင်ကဆိုလျှင် ဆရာသည် လက်ဖက်ရည်ဆိုင်တွင် အကြာကြီးထိုင်ရန် အချိန်မပေးပါ။ အချိန်မရပါ။ ယခုအခါတွင်တော့ လက်ဖက်ရည်ဆိုင်များကို မှန်းနေအောင် ဆက်တိုက်ထိုင်နေရ၏။ ဆရာ၏အပြုအမူများသည် ခါတိုင်းနှင့်မတူဆန်းကြယ်နေသည်ကိုတော့ ကျွန်တော် သတိထားခဲ့မိ၏။

ထိုနည်းအတူ ရန်ကုန်မြို့တွင် တင်ထားသော ဆရာရှိန်၏ စာအုပ်လက်ကျန်များကိုလည်း အမြန်ဆုံး ရှင်းခဲ့ရသည်။ ဆိုလိုသည်မှာ ဆရာရှိန်သည် ဤလက်ကျန်စာအုပ်ကိစ္စမှာ ယခင်က အရေးမကြီးသလောက် ယခုတော့ အရေးကြီးနေသလိုလို ဖြစ်နေပေ၏။ သူ့ခမျာ လူ့လောကကြီးကနေ စွန့်ခွာသွားရမည်ကို ကြိုတင်သိနေသလား မပြောတတ်။

ဆရာရှိန် မဆုံးပါးမီ နှစ်ပတ်အလိုခန့်တွင် ဖြစ်သည်။ ဆရာက သူ့အိမ်သို့ နံနက်ခင်း လက်ဖက်ရည်သောက်ရန် ကျွန်တော့်ကို ဖုန်းနှင့် ဖိတ်ခေါ်လေ့ရှိ၏။ ကျွန်တော်သည် ဆရာရှိန်၏နေအိမ်သို့ ရောက်သွားလျှင် လက်ဖက်ရည်သောက်ရသည်။ နေ့လယ်ပိုင်း ထမင်းစားချိန်ရောက်လျှင်လည်း မပြန်ရသေးပါ။ နေ့လယ်စာထမင်းပါ ကျွေးလိုက်သေးသည်။ ထူးခြားသည်မှာ ဆရာရှိန်က အိမ်၌ချက်ပြုတ်ထားသော ထမင်းဟင်းများအပြင် "ဆိုင်"က ဟင်းများကိုပါ အပိုဆောင်းပြီး ကျွေးမွေးဧည့်ခံခြင်း ဖြစ်သည်။

သည့်နောက် ကျွန်တော် အိမ်အပြန်တွင် ဆရာက ကျွန်တော့်ကို မုန့်ဖိုးဆိုပြီး အနည်းဆုံး ငါးထောင်တန်တစ်ရွက် ထည့်ပေးတတ်၏။ ဆရာရှိန်က ကျွန်တော့်ကို တစ်ခုခုစေခိုင်း၍ မုန့်ဖိုးပေးသည်က တစ်မျိုး။ ယခုတော့ ဆရာက ကျွန်တော့်ကို အကြောင်းမဲ့ကျွေးပြီး၊ အကြောင်းမဲ့ပေးနေသလို ဖြစ်နေပေ၏။ ဤအခါမျိုးတွင် ကျွန်တော်က မယူချင်တော့ပါ။ အားနာလာ၏။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် ကိုယ့်လိပ်ပြာက သိပ်မလုံချင်။ ကျွန်တော်က မလိုချင်ကြောင်း "ငြင်းပယ်"လျှင်လည်း ဆရာက မကြိုက်ပါ။ ဤအခါမျိုးတွင် ဆရာရှိန်က "လူကြီးက သဒ္ဓါလို့ပေးရင် ယူရတယ်ကွ" ပြောရှာပါသည်။ ဤသည်တို့ကြောင့် ကျွန်တော့်အတွက် အနေခက်ရ၏။ ဤသည်မှာ ဆရာရှိန်၏ ထူးခြားမှုတစ်ခုဟု မှတ်ချက်ပြုပါရစေ။

ထိုနေ့က မှတ်မိနေသေးသည်။ "၂၈-၁၁-၂၀၁၉"ရက် နံနက် ၉ နာရီခန့်ဖြစ်မည်။ ဆရာရှိန်ထံမှ ဖုန်းဝင်လာ၏။ ဆရာက ကျွန်တော့်ကို သူ့ဆီသို့ ခဏလာရောက်ရန် ဖြစ်သည်။ ချက်ချင်းဆိုသလိုပင် ကျွန်တော်သည် ဆရာဆီသို့ အရောက်သွားခဲ့၏။ ဆရာရှိန်ရောက်တော့ ဆရာက သူနောက်ဖေးအိမ်သာသို့ သွားရာမှ ချော်လဲခဲ့ကြောင်း၊ သူ့ဒူးခေါင်းမှာလည်း ပွန်းပဲ့သွားကြောင်း၊ ညနေရောက်လျှင် ဆေးခန်းသို့ သွားပြရတော့မည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ဆရာက သူ့လက်တွေကလည်း ကတုန်ကယင်ဖြစ်နေကြောင်း၊ စာရေးလို့ပင် မရတော့ကြောင်း ပြောပြနေပါသည်။

သည့်နောက် ဆရာရှိန်က ကျွန်တော့်ကို သူ့၏ စာရွက်အလွတ်တွေ ညှပ်ထားသော ဘုတ်ပြားနှင့် ဘောလ်ပင်တစ်ချောင်းပေး၏။ မန္တလေးနေ့စဉ် သတင်းစာအတွက် သတင်းစာခေါင်းကြီးပိုင်းကို ဆရာက နှုတ်ဖြင့် "ကြောင်း"ပေး၏။ ဆရာ့နံဘေးမှနေပြီး ကျွန်တော်က "လိုက်"ရေးရပါသည်။ ဆရာက မန္တလေးနေ့စဉ်သတင်းစာအတွက် သတင်းစာခေါင်းကြီးပိုင်းကို "တစ်ရက်စာ" ရေးထားခြင်း မဟုတ်။ "နှစ်ရက်စာအတွက်" ကြိုတင်ရေးထားလိုက်ခြင်း ဖြစ်ပေ၏။ ကျွန်တော့်အတွက်တော့ ဤသည်မှာ ထူးခြားမှုတစ်ခုဟု သုံးသပ်ပါရစေ…။

ထိုနေ့ ညနေအစောပိုင်းကာလတွင် ဆရာရှိန်ထံမှ ဖုန်းဝင်လာ၏။ ဆရာက သူ ဆေးခန်းသို့ ရောက်ရှိနေကြောင်း ဆေးခန်းတွင် ဆရာဝန်ကြီး၏ အလာကို စောင့်နေရကြောင်း ပြောပြနေပါသည်။

ညပိုင်း ၇ နာရီသို့ရောက်သောအခါ ဆရာရှိန်ထံမှ ဖုန်းဝင်လာပြန်ပါသည်။ ဆရာက "သူ" မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ဆရာဝန်ကြီးက သူ့ကို အိမ်သို့ပင် မပြန်ခိုင်းတော့ဘဲ ဆေးရုံကြီးသို့ တန်းပို့လိုက်ကြောင်း၊ မနက်ဖြန် ကျင်းပမည့် မန္တလေးနေ့စဉ်သတင်းစာတိုက်၏ နှစ်ပတ်လည်အခမ်းအနားသို့ သူ့ခမျာ မတက်ရောက်နိုင်တော့ကြောင်း မျှော်လင့်ချက်မဲ့စွာဖြင့် ပြောပြနေသည်။ သနားစရာလည်း ကောင်းပါသည်။

၃၀-၁၁-၂၀၁၉ ရက်တွင် ဖြစ်သည်။ ထိုနေ့က မန္တလေး သတင်းစာတိုက်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်နေ့ဖြစ်၏။ ကျွန်တော်နှင့် ကာတွန်းဆရာကိုဖိုးချစ်တို့သည် အဆိုပါ နှစ်ပတ်လည်နေ့အခမ်းအနားသို့ ရောက်ရှိနေကြ၏။ ထိုအချိန်တွင် ဆရာရှိန်မိသားစုဆီမှ ဖုန်းဝင်လာပါသည်။ အကြောင်းမှာ လူနာဖြစ်သူ ဆရာရှိန်၏ ရောဂါအခြေအနေမှာ သက်သာသွားပြီဖြစ်ကြောင်း၊ ယခုအခါ ဆရာကို နှလုံးအထူးကြပ်မတ်ဆောင်၌ ထားရှိသော်လည်း ညနေပိုင်းသို့ရောက်လျှင် သာမန်လူနာခန်းသို့ ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ကြားသိလိုက်ရသည်။ အဆိုပါ သတင်းစကားကြောင့် ကျွန်တော်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ဆရာတပည့်များက စိတ်သက်သာရသွားကြသည်။

အဆိုပါအခမ်းအနားပြီးသွားသည်နှင့် ကျွန်တော်သည် သတင်းစာတိုက်မှ အချို့ဝန်ထမ်းများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လူနာမေးသွားရောက်ခဲ့ကြသည်။ ဆေးရုံကြီးတွင် ဆရာရှိန်ကို တိုက်ရိုက်မတွေ့ခဲ့ရ။ နှလုံးရောဂါ အထူးကြပ်မတ်ဆောင်ထဲတွင် ဆရာရှိန်ကို တွေ့မြင်နေရ၏။ မှန်ချပ်ကြီးများနှင့် ကာရံထားသော အဆိုပါကြပ်မတ်ဆောင်ထဲတွင် ဆရာရှိန်က အိပ်ရာပေါ်၌ လဲအိပ်နေခြင်း မဟုတ်။ သူ့နောက်ကျောရှိ ခေါင်းအုံးများကို မှီတွယ်ထိုင်နေခြင်းဖြစ်သည်။ ဆရာ၏လက်တစ်ဖက်မှာတော့ ပိုက်တန်းလန်းနှင့် ဆေးသွင်းထားသည်ကို မြင်တွေ့နေရ၏။ ဆရာရှိန်ကလည်း ကျွန်တော်တို့ ရောက်ရှိနေကြောင်းကို လှမ်းမြင်နေရ၏။ ဆရာ၏ အခြေအနေမှာ သက်သောင့်သက်သာရှိနေသည်ကို တွေ့ရ၏။ တစ်နည်းဆိုရလျှင် ဆရာ့၏မျက်နှာ အခြေအနေမှာ ကြည်လင်လန်းဆန်းနေသည်ကို အတိုင်းသား တွေ့မြင်နေရသည်။

ဤတွင် အထူးကြပ်မတ်ဆောင်၏ အပြင်ဘက်တွင် စောင့်နေကြသည့် ဆရာရှိန်မိသားစုက ဆရာရှိန် သက်သာသွားပြီဖြစ်ကြောင်း၊ ညနေရောက်လျှင် "အရေးမကြီးတော့သည့် လူနာခန်းသို့ ပြောင်းရတော့မည်ဖြစ်ကြောင်း၊ ယခုအခါ ဆရာနှင့်စကားပြောလျှင် ဆရာရှိန်ခမျာ မောနေမည်ဖြစ်သောကြောင့် နောက်တစ်နေ့တွင် လာတွေ့ကြရန် ပြောပါသည်။ ကျွန်တော်တို့ကလည်း လူနာစောင့်နေကြသည့် ဆရာရှိန်မိသားစုထံသို့ အဆိုပါနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ သုံးစောင်ကို လက်ဆောင်အဖြစ်ပေးခဲ့ပြီး ပြန်လာခဲ့ကြသည်။ (ထိုသတင်းစာထဲ၌ ဆရာရှိန်၏ ချစ်ဇနီး ကဗျာဆရာမ ဒေါ်မြမြ (မြသရဖူ)အကြောင်း ဆောင်းပါး ပါခဲ့လေပြီ။ အဆိုပါဆောင်းပါးကို ဆရာရှိန်က "သူ"မကွယ်လွန်မီ အချိန်မီ ဖတ်ရှုသွားခဲ့သည်ဟု သိရသည်။)

ညနေ ၃ နာရီကျော်ကျော်ခန့်တွင် ကျွန်တော့်ထံသို့ ဖုန်းဝင်လာသည်။ အဆိုပါဖုန်းက ဆရာရှိန်ဆုံးပါးသွားပြီဆိုသည့် "အ"မင်္ဂလာသတင်း ဖြစ်သည်။ မကြာသေးခင် နေ့လယ်ပိုင်းလောက်က ကျွန်တော်တို့ လူနာမေးသွားစဉ်က လူနာ၏ အခြေအနေမှာ လူကောင်းတစ်ယောက်ကဲ့သို့ပင်။ လူနာရှင်မိသားစုတို့ကလည်း လူနာအတွက် စိုးရိမ်စရာမရှိကြောင်းကို အသေအချာ ရှင်းပြခဲ့သေး၏။ ယခု ကျွန်တော်ကြားလိုက်ရသည့် သတင်းစကားက မယုံကြည်နိုင်စရာ။ ကျွန်တော်သည် နားရှိလို့သာ ကြားခဲ့ရသော်လည်း ကျွန်တော့်၏ နှလုံးသားက လက်မခံခဲ့တာတော့ အမှန်ပါ။ မည်သို့ပင်ဆိုပါစေ အမှန်တကယ်တော့ ဆရာရှိန်သည် သေခြင်းတရားဆီသို့ မလွဲမသွေ ရောက်ရှိသွားလေပြီ…။

ကျွန်တော်အနေနှင့်ပြောရလျှင် ကွယ်လွန်သွားပြီဖြစ်သည့် ဆရာရှိန်သည် အနေအေး၏။ စိတ်ကောင်းနှလုံးကောင်းရှိ၏။ ရိုးဂုဏ်ရှိပြီး အလုပ်ကလည်း ကြိုးစား၏။ ဂုဏ်လည်းမမက်။ ပကာသနလည်း မဖက်။ တင်းတိမ်ရောင့်ရဲတတ်သည့် သူတစ်ယောက်ဖြစ်ကြောင်းကိုတော့ ကမ္ဗည်းတင်ပါရစေ…။

နတ်မောက်ထွန်းရှိန်ဆိုသည့် စာချစ်ပုဂ္ဂိုလ်ကြီးသည် သူချစ်မြတ်နိုးခဲ့သည့် စာပေအပေါ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်တို့အပေါ်တွင် နောက်ဆုံးထွက်သက်အထိ သံယောဇဉ်ကြီးမားခဲ့သူ ဖြစ်၏။ ဤသည်တို့ကြောင့် သူ၏လုပ်ဆောင်ချက်ပြယုဂ်တွေက သက်သေတည်နေခဲ့လေပြီ…။

အချုပ်ဆိုရလျှင် ကျွန်တော်သည် ယနေ့လူ့လောကတွင် မရှိတော့သည့် ဆရာရှိန်အကြောင်းကို ရေးမိလေတိုင်း ဦးညွှတ်ခဲ့ရ၏။ ဆရာရှိန်အကြောင်းကို တွေးမိလေတိုင်း ကြည်ညိုလေးစားခဲ့ရ၏။ ဆရာရှိန်အကြောင်းကို "စဉ်းစားမိလေတိုင်း" အတုယူအားကျခဲ့ရသည်ကို "ထပ်လောင်းဂုဏ်ပြုရင်း" ကမ္ဗတ်နိဂုံးအဆုံးသတ်ပါရစေ….။ ။

**ဆရာပေးသောလက်ဖြင့်…..**

**မြောက်ပြင်တော်က ကိုရွှေမော်**

## လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၂၉**

ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက ပြိုင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ကျင်းပရာ ပိန်းတန်းအခြေခံပညာမူလတန်းကျောင်းမှ Grade- 4 ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(ဝဲပုံ)**

စွမ်းရည်မြှင့်တင်ပြိုင်ပွဲများတွင် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်ခဲ့ပြီး အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝစ၄)**

## စာဖတ်ရိုန်မြှင့်တင်ရေးအတွက် ကျောင်းများသို့ (Mobile Library) စနစ်ဖြင့် သုတ၊ ရသစာအုပ်များ(အခမဲ့) ငှားရမ်းပေး

**စစ်ကိုင်း နိုဝင်ဘာ ၂၉**

စစ်ကိုင်းမြို့တွင် စာဖတ်ရိုန်မြှင့်တင်ရေးအတွက် ကျောင်းများသို့ (Mobile Library) စနစ်ဖြင့် သုတ၊ ရသစာအုပ်များ(အခမဲ့) ငှားရမ်းပေးခြင်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်း၌ အခြေခံပညာအထက်တန်းကျောင်း(ရွှေမင်းဝံ)တွင် ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း (ရွှေမင်းဝံ)တွင် အပတ်စဉ် ကြာသာပတေးနေ့တိုင်း နဝမတန်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် အပတ်စဉ် သောကြာနေ့တိုင်း ဒသမတန်းမှ ကျောင်းသား၊ ကျောင်းသူများအား သုတ၊ ရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင်လည်း ရွေ့လျားစာကြည့်တိုက်(Mobile Library)စနစ်ဖြင့် အပတ်စဉ် သွားရောက်ဖွင့်လှစ်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ (အခမဲ့)ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအကြောင်းအရာများကို ပြည်သူများသိရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ပြသဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် အလုပ် လုပ်ကိုင်နေသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများ၊ ကလေးသူငယ်များ၏ အကျိုးစီးပွားဆောင်ရွက်ချက်များ၊ ကလေးသူငယ်များ၏အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးအလုပ်သမားဟူသည်အဘယ်နည်း၊ ကလေးအလုပ်သမားသည် တရားမဝင်ပါ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့်အကြောင်းအရာများအား ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် နေ့ထူးနေ့မြတ်များနှင့် လစဉ် အခါအားလျော်စွာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

၀-၀-၀-၀-၀

၀-၀-၀-၀

## စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာ၊ ပုံပြင်ပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျင်းပမည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အကြို မြို့နယ်အဆင့် ကဗျာ၊ ပုံပြင်ပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကို အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ကဗျာပြိုင်ပွဲ(မူလတန်းအဆင့်) ၂၅ ဦး၊ ပုံပြင်ပြောပြိုင်ပွဲ(အလယ်တန်းအဆင့်) ၁၄ ဦးနှင့် ကျပန်းစကားပြောပြိုင်ပွဲ(အလယ်တန်းအဆင့်) ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများကို အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်ပေးဒိုင်များအဖြစ် တာဝန်ယူဆောင်ရွက်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(၄၅၆)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့။**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး နေ့စဉ်

## မန္တလေးနေ့စဉ်သတင်းစာ ခေတ်ရှည်တည်ရာ

* နေခြည်ဝင့်ကာ လအနမ်းပါတဲ့
ကျုံးရေစမ်း ပုလဲစီ
ရတနာပုံခေါ် မန္တလေး
အေးမြသာစည်
သတင်းမီဒီယာနဲ့ ဖြန့်ကြက်ရည်
စုတ်ချက်သီ လွှမ်းခြုံစု
ကဏ္ဍစုံလင် လက်ရာအစွမ်းရယ်နဲ့
တင့်ဆန်းဆစ်ထု ။

* မြို့တော်စည်ပင် ဦးဆောင်မှုရယ်နဲ့
တည်ထောင်ပြု သတင်းစာ
မန္တလေးနေ့စဉ် အမည်ခ
မြို့ပြဂုဏ်ဖြာ
များပြည်သူတို့ ဖတ်မှတ်စွာ
သိတတ်မှာ ဉာဏ်အသွေး
သတင်း၊ ဆောင်းပါး၊ ကဗျာများရယ်နဲ့
ဆောင်းပါးစုံသေး ။

* သတင်းစာ၏ စွမ်းဆောင်ရေးကိုပ
တုယှဉ်လေး ဘယ်သို့မည်
ကြိုးပမ်းပြုတဲ့ ဝန်ထမ်းများ
စွမ်းအားမာန်ချီ
နှစ်ဆယ့်ရှစ်နှစ် နှစ်ရှည်ရှည်
ရတုတည် မော်ကွန်းထိုး
နိုဝင်ဘာလ သုံးဆယ်ရက်ရယ်က
အဆက်မပြတ်ဖွံ့ဖြိုး ။ ။

(၃၀-၁၁-၂၀၂၅ရက် ကျရောက်သည့် မန္တလေးနေ့စဉ်သတင်းစာ နှစ်ပတ်လည်နေ့အား ဂုဏ်ပြုပါသည်။)

**မင်းမြတ်မိုး(မန်းမြေ)**



## ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၆၄)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ၈၅(D)လမ်းရှိ ဒေါ်နွဲ့အမည်ပေါက်တိုးဘ မြေကွက်အား ဖခင်ဦးဘိုနီ၊ မိခင်ဒေါ်နွဲ့၊ သားဦးထွန်းထွန်းကို(လူပျိုဘဝ)၊ သမီးဒေါ်ခင်အေးမြှန်(အပျိုဘဝ)၊ သားမောင်လင်းလင်း(လူပျိုဘဝ)၊ သားဦးထွန်းထွန်းလင်း၊ ဇနီးဒေါ်ခင်သူစာထွန်း၊ မြေးဒေါ်ခင်နှင်းဆက်(အပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသား၊ မြေးတို့ဖြစ်ကြသော ဦးစိုးစံချင်း(၉/မရမ(နိုင်)၀၀၅၃၃၀)၊ ဦးမင်းမင်း(၉/ခအဇ(နိုင်)၀၀၈၅၈၇)၊ ဦးဝေယံထွန်း(၉/ခအဇ(နိုင်)၀၄၃၆၄၃)တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-တ/၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၈၇(F)လမ်း၊ ၁၃လမ်းနှင့် ၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်သန်းနွယ်၊ ဦးမောင်မောင်၊ ဒေါ်ညိုညို၊ ဒေါ်တူးတူးတို့(၄)ဦးအနက် ဒေါ်သန်းနွယ်ပါ(၃)ဦး၏(GP ရရှိသူ ဦးအောင်မြတ်သူ)ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၄၂၇၀/၂၀၂၄)ဖြင့် လက်ခံခဲ့သူ ဒေါ်တူးတူးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၆၄၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထားထားနွယ်(၉/မဟာမ(နိုင်)၀၂၇၆၆၀)က အမှုတွဲအမှတ်(၃၇၈၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကန့်ကွက်နိုင်ပါသည်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၁)၊ ဦးပိုင်(၂၅)၊ ပေ(၄၀×၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ရှိ မြေကွက်သည် မန္တလေးမြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ၁၉၉၅ ခုနှစ်၊ မေလ(၂၀)ရက်၊ ရက်စွဲပါစာအမှတ်-၀၅၁/မြို့ကွက်သစ်(ဒ)/၉၅ရက်စွဲနေ့တွင် ဒေါ်သောင်(ဘ) ဦးသာ(၉/မနမ(နိုင်)၀၃၅၈၈၃)၊ အမျိုးသားမှတ်ပုံတင်အမှတ်-AE(၂၃၇၅၉၆)အမည်ဖြင့် ချထားပေးခြင်းခံရသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြေချထားအမိန့်၊ အကြောင်းကြားစာမူရင်းမှာ အထားအသိုမှားယွင်းသိမ်းဆည်းမှုကြောင့် ပျောက်ဆုံးသွားခဲ့ပါ၍ အမွေဆက်ခံခွင့်ရှိသူ ဦးဖုန်းနိုင်(ဘ)ဦးလေးမောင်(၉/မနမ(နိုင်)၁၂၀၀၄၅)ပါ(၄)ဦးမှ တရားဝင်ဂရန်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများတွင် တရားဥပဒေနှင့်အညီ တင်ပြလျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်အတူ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖုန်းနိုင် (ပါ) (၅)ဦး**
**အကွက်အမှတ်(နန-၅၁)၊ ဦးပိုင်(၂၅)၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၅၀၃၅၃**

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ္တော်ရပ်ကွက်၊ အကွက်အမှတ်(၃၂၊ ၃၃)၊ ဦးပိုင်အမှတ်(၅-ဈ)၊ ၇လမ်း၊ ၇၄(စီ)လမ်း၊ သဇင်လမ်းသွယ်ရှိ ဒေါ်ခမ်းယုန်း၊ (သမီး)ဒေါ်နန်းသန်းသန်းငွေးတို့အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၅၄၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နန်းသန်းသန်းငွေး(၁၃/နခန(နိုင်)၀၀၃၈၄၀)က အမှုတွဲအမှတ်(၃၇၈၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၇)၊ ဦးပိုင်အမှတ်(၁၇၈)၊ ၁၄လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မာမာဝင်းထံမှ အပေးစာချုပ်အမှတ်(၂၇၃၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးမြင့်မြတ်(၉/အမဇ(နိုင်)၀၃၀၈၀၈)က အမှုတွဲအမှတ်(၃၇၉၇/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၁၆-ဆ)၊ မြို့ပတ်လမ်း(၈)လမ်းသွားကားလမ်းနှင့် ရွှေကြက်ယက်ဘုရားအနီးရှိမြေကွက်အား ဂရန်အမှုတွဲအမှတ်(၃၂/၉၉-၂၀၀၀)အရ ဦးမင်းထင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၁၇၁၈)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမင်းထင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၁၇၁၈)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၁၆-ခ/၁၆-ဃ)၊ မြို့ပတ်လမ်း(၈)လမ်းသွားကားလမ်းနှင့် ရွှေကြက်ယက်ဘုရားအနီးရှိမြေကွက်အား ဂရန်အမှုတွဲအမှတ်(၃၃/၉၉-၂၀၀၀)အရ ဦးမင်းထင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၁၇၁၈)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမင်းထင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၁၇၁၈)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၅)၊ ဦးပိုင်အမှတ်(၄၁-ခ)၊ ၁၄၁လမ်း၊ ၆၀(A)လမ်းနှင့် ၆၀(B)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှမြင့်(ခ)အိုမာဖရပ်(၉/မရမ(နိုင်)၀၃၇၀၆၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၅၈၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေလင်းထွန်း(၁၂/သဃက(နိုင်)၁၇၇၅၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၅)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရော်ကျိန်းရီ(ခ)သန့်ဇင်(၁၃/လရန(နိုင်)၁၃၂၆၉၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ်(၆၁၂)၊ ဦးပိုင်အမှတ်(၁၆-င/၁၆-စ)၊ မြို့ပတ်လမ်း(၈)လမ်းသွားကားလမ်းနှင့် ရွှေကြက်ယက်ဘုရားအနီးရှိမြေကွက်အား ဂရန်အမှုတွဲအမှတ်(၃၁/၉၉-၂၀၀၀)အရ ဒေါ်ချောမူယာဝင်း နိုင်ငံသားစိစစ်ရေးကတ် အမှတ်(၁၂/ကတတ(နိုင်)၀၁၉၈၁၁)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမင်းထင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၂၁၇၁၈)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၆)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၉လမ်းနှင့် လမ်း၇၀ကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်သောင်းတင်(ငြိမ်း)(၁/မကန(နိုင်)၀၃၇၇၇၉)၊ (JSN-၄၀၉၃၀၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၂/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာချစ်(၉/တသန(နိုင်)၀၅၇၅၂၃)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၇)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၂(ဘီ)လမ်း၊ ၁၃၀လမ်းနှင့် ၁၃၁လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၅၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဇင်မြင့်အောင်(၉/ခအဇ(နိုင်)၀၀၃၇၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/ခ)၊ ဦးပိုင်အမှတ်(၇)၊ ၇၁(A)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းအိုက်ထွန်း(၁၃/နမတ(နိုင်)၀၂၂၁၇၈)၏(SP ရရှိသူ ဒေါ်လောဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/ခ)၊ ဦးပိုင်အမှတ်(၈)၊ ၇၁(A)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိန်းညွန့်(၁၃/နမတ(နိုင်)၀၂၄၈၂၀)၏(SP ရရှိသူ ဒေါ်လောဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၄)၊ ဦးပိုင်အမှတ်(၂၀-ခ)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၂၀လမ်းနှင့် ၁၂၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြည့်ဖြိုး(၁၂/မရက(နိုင်)၁၀၅၀၅၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၇၆/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဒေဗီ(၁/မကန(နိုင်)၁၈၅၅၆၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်အမှတ်(၁၃)၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းရွှေ၏(SP ရရှိသူ ဦးတင်ရွှေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးချွန်ယူစွမ်း(ခ)အောင်ခိုင်စိုး(၁/မကန(နိုင်)၂၈၂၇၅၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၇၉၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/ခ)၊ ဦးပိုင်အမှတ်(၉)၊ ၇၁(A)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဟောင်ရှင်းရှောက်(ခ)ကျော်ဝင်း(၁၃/လရန(နိုင်)၀၈၄၁၇၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/ခ)၊ ဦးပိုင်အမှတ်(၁၄)၊ ၇၁(A)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဟောင်ရှင်းရှောက်(ခ)ကျော်ဝင်း(၁၃/လရန(နိုင်)၀၈၄၁၇၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄/ခ)၊ ဦးပိုင်အမှတ်(၁၅)၊ ၇၁(A)လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိန်းညွန့်(၁၃/နမတ(နိုင်)၀၂၄၈၂၀)၏(SP ရရှိသူ ဒေါ်လောဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၈၀၄/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်နံပါတ်(၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ·၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးထွန်းညွန့်အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်စိုး(ဘ)ဦးသန်းမြင့်(၉/မရမ(နိုင်)၀၈၉၇၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၁၇)၊ အခန်းနံပါတ်(၈)၊ (ပထမထပ်တိုက်ခန်း)ဦးတိုက်မြင့် အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင်နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းသူငြိမ်း(ဘ)ဦးသန်းဦး(၉/ခအဇ(နိုင်)၀၁၄၇၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)တွင် တစ်ဆက်တစ်စပ်တည်းရှိသည့် မြေဧရိယာ(၀·၀၁၃၇)ဧက အကျယ်အဝန်းစီရှိ ဦးပိုင်နံပါတ်(၆၉-က)ဟု ခေါ်တွင်သော ဦးအေးကို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ဦးပိုင်နံပါတ်(၆၉-ခ)ဟု ခေါ်တွင်သော ဦးမောင်မောင် အမည်ဖြင့် မြေနေရာချထား ပေးခြင်းခံခဲ့ရသည့် မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမောင်ဇော်(ဘ)ဦးဖိုးဦး(၉/ခမစ(နိုင်)၀၀၀၂၇၆)နှင့် ဦးဆန်းထွန်းဦး(ဘ)ဦးဖိုးဦး(၉/ခမစ(နိုင်)၀၀၀၂၉၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၇)၊ ဦးပိုင်အမှတ် (၅၀)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးသန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ ၁။ ဦးအောင်ဆွေဝင်း(ဘ)ဦးတင်ဆွေ(၅/စကန(နိုင်)၁၉၂၄၂၃)နှင့် ၂။ ဒေါ်ငြိမ်းအိစံ(ဘ)ဦးအောင်နိုင်(၉/မကန(နိုင်)၁၀၄၉၆၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ၊ လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးသီတာအောင်(LL.M)　ဒေါ်စာနည်အောင်(LL.B)　ဒေါ်သန်းသန်းဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀-ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅-၈-၂၀၂၅) မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၁) ကြော်ငြာစာ (အိမ်ဆောက်မိန့်)တွင် အကွက်(၈၀၅)အစား အကွက်(၆၀၅)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ၂၀၂၅ခုနှစ် (၁၇)ကြိမ်မြောက် MDY(GTI) အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မန္တလေး ဂျီတီအိုင် ကျောင်းသား/သူဟောင်းများမှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေး ဂျီတီအိုင် မေဂျာပေါင်းစုံ ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်၊ ၂၁-၁၂-၂၀၂၅ (တနင်္ဂနွေနေ့)၊ နံနက်(၈း၃၀)နာရီ၊ ၆၈လမ်း၊ ၃၁-၃၂ကြား၊ မဟာဝိဇိတာရုံကျောင်းတိုက် မန္တလေး၌ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ မန္တလေး G.T.I မှ အနန္တဂိုဏ်းဝင် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ညီညာဖြိုဖြိုး ကြည်ညိုကန်တော့ပါဝင်မှုပြုကြပါရန် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီမှ လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားတွင် မန္တလေး G.T.I အာစရိယပူဇော်ပွဲ၊ ဂျီတီအိုင် ကျောင်းပေါင်းစုံအာစရိယပူဇော်ပွဲနှင့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေ အလှူခံကောင်တာများလည်း ထားရှိပေးသွားမည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲ အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံတွင် ပေးပို့လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အသိပေးအပ်ပါသည်။

ဒေါ်စန်းစန်းဝင်း(ဘဏ္ဍာရေးမှူး)

KBZ Pay - Daw San San Win (09-2003219)

ဦးမြင့်ထွန်း(ရုံးအဖွဲ့မှူး) GTI ကျောင်းသားဟောင်းများအသင်း ရုံးခန်း၊ ရတနာပုံဈေး မြေအောက်ထပ်။

သက်ဆိုင်ရာကျောင်းသားဟောင်း ကိုယ်စားလှယ်များထံတွင်လည်း ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၃၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကျော်လှနှင့် ဦးမောင်ရီတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ(ဖခင်)ဦးကျော်လှ ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သန်းလှ(၉/မနတ(နိုင်)၀၃၅၅၇၈)၊ ဒေါ်ကေသီမြင့်(၉/မနတ(နိုင်)၀၃၅၅၀၁)၊ ဒေါ်ခင်နှင်းဝေ(၉/မနတ(နိုင်)၁၀၄၆၀၂)၊ ဒေါ်သင်းသင်းဆွေ(၉/မနတ(နိုင်)၁၀၀၆၁၃)နှင့် ဒေါ်ပပခိုင်(၉/မနတ(နိုင်)၁၀၀၆၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၄)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်အုန်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဗိုလ်(ဘ)ဦးဘသန်း(၉/မရတ(နိုင်)၁၀၂၁၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်ညိုအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း (၃၀×၄၀)ပေထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသက်ဝေဦး(ဘ)ဦးမင်းမောင်(၉/မနမ(နိုင်)၁၀၄၄၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်ရန်လို...

❖ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏ အကြောင်းအရာများကို သိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်ပေးကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ)တွင် အာဖဂန်နစ္စတန်၊ အိုမန်၊ ဆီးရီးယား၊ နီပေါ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စု အဖွင့်ပွဲစဉ်တွင် အာဖဂန်နစ္စတန် အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် လည်းကောင်း၊ အုပ်စုဒုတိယပွဲတွင် နီပေါအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စု တတိယပွဲတွင် အိုမန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း ရာနှုန်းပြည့် အနိုင်ရယူထားသည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၃၀ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဆီးရီးယားအသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ ကာလအတွင်း တစ်ပွဲထက် တစ်ပွဲ အမှားနည်းလာသလို၊ အသင်းလိုက်စုဖွဲ့မှုအားကောင်းကောင်းဖြင့် ပြိုင်ဘက်အသင်းကို နိုင်လိုစိတ်ပြင်းပြစွာ ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။


မြန်မာအသင်းသည် ယခု ဆီးရီးယားအသင်းနှင့်ပွဲစဉ်တွင် သရေတစ်မှတ်ရရှိရုံဖြင့် ခြေစစ်ပွဲ အောင်မြင်သွားမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ပရိသတ်အား၊ အသင်းသားအားလုံး၏ ကြိုးစားအားထုတ်မှုနှင့်အတူ သုဝဏ္ဏမြက်ခင်းပြင်ပေါ်တွင် ဆီးရီးယားအသင်းကို သရေရလဒ် (သို့မဟုတ်) အနိုင်ရရှိအောင် ကစားပြီး ဆော်ဒီအာရေဗျသို့ သွားရောက်မည့် အာရှဖလား ယူ-၁၇ ဝင်ခွင့်ကို ရယူသွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။

မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ ပွဲစဉ်အား MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။ **(NGB)**



## ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ



နေပြည်တော် နိုဝင်ဘာ ၂၉

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်နှင့် သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့ လောင်ဂျီကျူ ၈၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဒစ်ဝါ"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ၊ တမီလ်နာဒူး မြောက်ပိုင်းကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" ၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)တွင် မန်စီးတီး၊ ဆန်းဒါးလန်း၊ ဘရန့်ဖို့ဒ်တို့ နိုင်ပွဲကိုယ်စီရယူ

**လန်ဒန် နိုဝင်ဘာ ၂၉**

အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)တွင် မန်စီးတီး၊ ဆန်းဒါးလန်း၊ ဘရန့်ဖို့ဒ်နှင့် နယူးကာဆယ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်က မန်စီးတီးအသင်းနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက လိဒ်စ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁ မိနစ်နှင့် (၉၀+၁)မိနစ်တွင် ဖိုဒန်၊ ပွဲချိန် ၂၅ မိနစ်တွင် ဂီဗာဒီယိုလ်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဆန်းဒါးလန်းအသင်းနှင့် ဘုန်းမောက်အသင်းတို့ ပွဲစဉ်တွင်လည်း ဆန်းဒါးလန်းအသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင်လည်း ဘရန့်ဖို့ဒ်အသင်းက ဘန်လေအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲ ရရှိခဲ့သည်။

အင်္ဂလိပ်ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)အပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့် ၂ နေရာတွင် လည်းကောင်း၊ ဆန်းဒါးလန်းအသင်းက ရမှတ် ၂၂ မှတ်ဖြင့် အဆင့် ၄ နေရာတွင် လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းက ရမှတ် ၁၉ မှတ်ဖြင့် အဆင့် ၉ နေရာတွင် လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။ **(NGB)**

